ကြေးမုံ
The Mirror

၁၃၇၄ ခုနှစ်၊ ကဆုန်လဆန်း ၃ ရက်၊ တနင်္လာနေ့၊ (23-4-2012) (၇၀၉၉)

စစ်မှန်သော မျိုးချစ်စိတ်ဓာတ်

☆ ပြည်ထောင်စု၏ မည်သည့်နေရာဒေသတွင် နေထိုင်သည်ဖြစ်စေ ခိုင်မြဲသည့် ပြည်ထောင်စုစိတ်ဓာတ် ထားရှိမွေးမြူသွားကြရန် အလွန်အရေးကြီးသည်။

☆ ပြည်ထောင်စုစိတ်ဓာတ်သည်သာလျှင် တိုင်းရင်းသားအားလုံး ထာဝစဉ်ထိန်းသိမ်းစောင့်ရှောက်သွားရမည့် စစ်မှန်သော မျိုးချစ်စိတ်ဓာတ် ဖြစ်သည်။

တပ်မတော်သား ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစားထိုးပြောင်းလဲ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်
နေပြည်တော်
ကြေညာချက်အမှတ်(၂၂/၂၀၁၂)
၁၃၇၄ ခုနှစ်၊ ကဆုန်လဆန်း ၂ ရက်
(၂၀၁၂ ခုနှစ်၊ ဧပြီလ ၂၂ ရက်)

တပ်မတော်သား ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ၃၉ ဦး အစားထိုးပြောင်းလဲခြင်း

၂၀၁၀ ပြည့်နှစ်၊ နိုဝင်ဘာလ ၇ ရက်နေ့တွင် ကျင်းပခဲ့သည့် ပထမအကြိမ် ပါတီစုံဒီမိုကရေစီ အထွေထွေ ရွေးကောက်ပွဲတွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က အမည်စာရင်းတင်သွင်းထားသော တပ်မတော်သား ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များအနက် လွှတ်တော်ကိုယ်စားလှယ် ၃၉ ဦးတို့ကို အစားထိုးပြောင်းလဲ လိုကြောင်း ပြည်သူ့လွှတ်တော်ရွေးကောက်ပွဲဥပဒေပုဒ်မ ၃၃ နှင့်အညီ အကြောင်းကြားချက်အရ ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်က စိစစ်ပြီး ၂၀-၁-၂၀၁၁ ရက်စွဲပါ ကော်မရှင်၏ ကြေညာချက်အမှတ်(၁/၂၀၁၁) နှင့် ၂၉-၁-၂၀၁၁ ရက်စွဲပါ ကော်မရှင်၏ ကြေညာချက်အမှတ်(၅/၂၀၁၁) တို့တွင် ဖော်ပြထားသည့် အောက်ပါတပ်မတော်သား ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ၃၉ ဦးတို့အား ယှဉ်တွဲဖော်ပြပါအတိုင်း အစားထိုးပြောင်းလဲလိုက်သည်-

(၁)	ကြည်း ၂၆၉၈၅ ဗိုလ်မှူး ဝင်းမိုးခိုင်	(အစား)	ကြည်း ၁၄၁၈၅ ဗိုလ်မှူးချုပ် ဝေလင်း
(၂)	ကြည်း ၂၆၉၉၆ ဗိုလ်မှူး သက်ဝင်းအောင်	(အစား)	ကြည်း ၁၆၄၁၃ ဗိုလ်မှူးချုပ် ဝင်းမြင့်
(၃)	ကြည်း ၂၇၀၀၄ ဗိုလ်မှူး ခင်ဇော်မိုး	(အစား)	ကြည်း ၁၇၉၄၃ ဗိုလ်မှူးချုပ် တောက်ထွန်း
(၄)	ကြည်း ၂၇၀၁၂ ဗိုလ်မှူး ကျော်လင်း	(အစား)	ကြည်း ၁၈၂၈၀ ဗိုလ်မှူးချုပ် မင်းနောင်
(၅)	ကြည်း ၃၀၈၅၉ ဗိုလ်မှူး ဝင်းအောင်	(အစား)	ကြည်း ၁၇၃၁၉ ဗိုလ်မှူးကြီး အောင်သီဟ
(၆)	ကြည်း ၃၃၀၄၆ ဗိုလ်မှူး ဝင်းကိုကို	(အစား)	ကြည်း ၁၈၀၂၉ ဗိုလ်မှူးကြီး အောင်မြင့်
(၇)	ကြည်း ၃၃၀၅၇ ဗိုလ်မှူး ရာဇာလင်း	(အစား)	ကြည်း ၁၈၇၀၁ ဗိုလ်မှူးကြီး မြင့်ဟန်
(၈)	ကြည်း ၃၃၀၆၂ ဗိုလ်မှူး သော်ဇင်နိုင်	(အစား)	ကြည်း ၁၉၃၀၇ ဗိုလ်မှူးကြီး ခင်မောင်ထွန်း
(၉)	ကြည်း ၃၃၀၆၃ ဗိုလ်မှူး တင်ကိုလင်း	(အစား)	ကြည်း ၁၉၅၈၄ ဗိုလ်မှူးကြီး စောမင်း
(၁၀)	ကြည်း ၃၃၀၇၉ ဗိုလ်မှူး အောင်အောင်	(အစား)	ကြည်း ၁၉၆၄၂ ဗိုလ်မှူးကြီး သန်းထွတ်သိန်း
(၁၁)	ကြည်း ၃၃၁၂၄ ဗိုလ်မှူး သန်းစိုးထိုက်	(အစား)	ကြည်း ၂၀၂၀၅ ဗိုလ်မှူးကြီး သန်းထွန်းဦး
(၁၂)	ကြည်း ၃၃၁၂၉ ဗိုလ်မှူး ဇော်အေးထွန်း	(အစား)	ကြည်း ၂၀၂၅၅ ဗိုလ်မှူးကြီး ကျော်ရွှေ
(၁၃)	ကြည်း ၃၃၁၃၅ ဗိုလ်မှူး ရန်ကြီးအောင်	(အစား)	ကြည်း ၂၁၉၁၅ ဗိုလ်မှူးကြီး လှမြင့်စိုး
(၁၄)	ကြည်း ၃၃၁၃၈ ဗိုလ်မှူး ကောင်းထက်စံ	(အစား)	ကြည်း ၁၆၆၀၇ ဒုတိယဗိုလ်မှူးကြီး စောရွှေ
(၁၅)	ကြည်း ၃၃၁၄၂ ဗိုလ်မှူး ဝင်းမင်းသန့်	(အစား)	ကြည်း ၁၈၀၇၄ ဒုတိယဗိုလ်မှူးကြီး ငွေစိုး
(၁၆)	ကြည်း ၃၃၁၄၅ ဗိုလ်မှူး အောင်ဆန်းဝင်း	(အစား)	ကြည်း ၁၉၀၀၁ ဒုတိယဗိုလ်မှူးကြီး ကျော်မြင့်
(၁၇)	ကြည်း ၃၃၁၄၇ ဗိုလ်မှူး မျိုးမင်းထွန်း	(အစား)	ကြည်း ၂၀၁၉၃ ဒုတိယဗိုလ်မှူးကြီး ညီညီလွင်
(၁၈)	ကြည်း ၃၃၁၆၀ ဗိုလ်မှူး ဇော်ဇော်လင်း	(အစား)	ကြည်း ၂၀၂၃၁ ဒုတိယဗိုလ်မှူးကြီး ဖေကြိုင်
(၁၉)	ကြည်း ၃၃၁၇၈ ဗိုလ်မှူး မင်းဟန်ထွန်း	(အစား)	ကြည်း ၂၀၉၉၁ ဒုတိယဗိုလ်မှူးကြီး ခင်မောင်ဝင်း
(၂၀)	ကြည်း ၃၃၁၈၀ ဗိုလ်မှူး စိုးသီဟ	(အစား)	ကြည်း ၂၁၄၇၀ ဒုတိယဗိုလ်မှူးကြီး ဝင်းနိုင်

စာမျက်နှာ ၃ ကော်လံ ၁ သို့

တပ်မတော်သား အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ အစားထိုးပြောင်းလဲ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်
နေပြည်တော်
ကြေညာချက်အမှတ် (၂၃/၂၀၁၂)
၁၃၇၄ ခုနှစ်၊ ကဆုန်လဆန်း ၂ ရက်
(၂၀၁၂ ခုနှစ်၊ ဧပြီလ ၂၂ ရက်)

တပ်မတော်သား အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ၂၀ ဦး အစားထိုးပြောင်းလဲခြင်း

၂၀၁၀ ပြည့်နှစ်၊ နိုဝင်ဘာလ ၇ ရက်နေ့တွင် ကျင်းပခဲ့သည့် ပထမအကြိမ် ပါတီစုံဒီမိုကရေစီ အထွေထွေ ရွေးကောက်ပွဲတွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က အမည်စာရင်းတင်သွင်းထားသော တပ်မတော်သား အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များအနက် လွှတ်တော်ကိုယ်စားလှယ် ၂၀ ဦးတို့ကို အစားထိုးပြောင်းလဲ လိုကြောင်း အမျိုးသားလွှတ်တော်ရွေးကောက်ပွဲဥပဒေ ပုဒ်မ ၃၃ နှင့်အညီ အကြောင်းကြားချက်အရ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က စိစစ်ပြီး ၂၀-၁-၂၀၁၁ ရက်စွဲပါ ကော်မရှင်၏ ကြေညာချက် အမှတ်(၂/၂၀၁၁) တွင် ဖော်ပြထားသည့် အောက်ပါတပ်မတော်သား အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ၂၀ ဦးတို့အား ယှဉ်တွဲဖော်ပြပါအတိုင်း အစားထိုးပြောင်းလဲလိုက်သည်-

(၁)	ကြည်း ၂၄၈၈၈ ဗိုလ်မှူး မြင့်နိုင်သန်း	(အစား)	ကြည်း ၁၃၇၆၅ ဗိုလ်မှူးချုပ် ကျော်ဦးလွင်
(၂)	ကြည်း ၂၆၉၈၂ ဗိုလ်မှူး ဝင်းမင်း	(အစား)	ကြည်း ၁၆၇၃၆ ဗိုလ်မှူးချုပ် မင်းသိန်းဇံ
(၃)	ကြည်း ၂၇၁၀၅ ဗိုလ်မှူး သိန်းထွန်းတင်	(အစား)	ကြည်း ၁၇၉၇၄ ဗိုလ်မှူးချုပ် အောင်စန်းချစ်
(၄)	ကြည်း ၃၃၀၆၁ ဗိုလ်မှူး စိုင်းသူရ	(အစား)	ကြည်း ၁၈၉၅၉ ဗိုလ်မှူးချုပ် မြတ်ကျော်
(၅)	ကြည်း ၃၃၀၆၆ ဗိုလ်မှူး ပြည့်ဖြိုးကျော်	(အစား)	ကြည်း ၁၆၆၀၁ ဗိုလ်မှူးကြီး ခင်စိုး
(၆)	ကြည်း ၃၃၀၆၇ ဗိုလ်မှူး နေထွန်းလင်း	(အစား)	ကြည်း ၁၈၀၂၀ ဗိုလ်မှူးကြီး အောင်ခင်ဇော်
(၇)	ကြည်း ၃၃၀၆၈ ဗိုလ်မှူး စိုးသီဟကျော်	(အစား)	ကြည်း ၁၉၇၁၇ ဗိုလ်မှူးကြီး အောင်ကျော်
(၈)	ကြည်း ၃၃၀၈၂ ဗိုလ်မှူး အောင်အောင်	(အစား)	ကြည်း ၂၀၃၃၁ ဗိုလ်မှူးကြီး သက်ထွန်းအောင်
(၉)	ကြည်း ၃၃၀၉၉ ဗိုလ်မှူး ဇော်မင်းသန့်	(အစား)	ကြည်း ၂၀၈၀၈ ဗိုလ်မှူးကြီး နေမျိုးအောင်
(၁၀)	ကြည်း ၃၃၁၀၈ ဗိုလ်မှူး လင်းအောင်ကျော်စိုး	(အစား)	ကြည်း ၁၈၀၃၂ ဒုတိယဗိုလ်မှူးကြီး စန်းဝင်း
(၁၁)	ကြည်း ၃၃၁၂၁ ဗိုလ်မှူး ဉာဏ်မျိုးကျော်	(အစား)	ကြည်း ၁၉၄၉၉ ဒုတိယဗိုလ်မှူးကြီး ထွန်းလင်းအောင်
(၁၂)	ကြည်း ၃၃၁၂၅ ဗိုလ်မှူး စည်သူ	(အစား)	ကြည်း ၂၁၃၁၇ ဒုတိယဗိုလ်မှူးကြီး သန်းကျော်စိုး
(၁၃)	ကြည်း ၃၃၁၂၇ ဗိုလ်မှူး ရန်နောင်စိုး	(အစား)	ကြည်း ၂၁၅၀၃ ဒုတိယဗိုလ်မှူးကြီး ဇော်မိုး
(၁၄)	ကြည်း ၃၃၁၃၆ ဗိုလ်မှူး ဇော်သန့်လွင်	(အစား)	ကြည်း ၂၃၉၉၀ ဒုတိယဗိုလ်မှူးကြီး ဇော်မိုးလွင်
(၁၅)	ကြည်း ၃၃၁၅၅ ဗိုလ်မှူး နေလွင်ဘုန်းမြင့်	(အစား)	ကြည်း ၂၄၁၉၂ ဒုတိယဗိုလ်မှူးကြီး ဇော်သန်းထိုက်
(၁၆)	ကြည်း ၃၃၁၅၆ ဗိုလ်မှူး အောင်ဇော်ဦး	(အစား)	ကြည်း ၂၄၉၂၇ ဒုတိယဗိုလ်မှူးကြီး ရဲနိုင်ဦး
(၁၇)	ကြည်း ၃၃၁၆၂ ဗိုလ်မှူး ကျော်စွာဝင်းခိုင်	(အစား)	ကြည်း ၂၅၈၆၃ ဒုတိယဗိုလ်မှူးကြီး လှိုင်ဝင်း
(၁၈)	ကြည်း ၃၃၁၆၆ ဗိုလ်မှူး ကျော်လင်း	(အစား)	ကြည်း ၂၆၀၁၉ ဒုတိယဗိုလ်မှူးကြီး ကျော်စိုးဦး
(၁၉)	ကြည်း ၃၃၂၀၅ ဗိုလ်မှူး စိုးဟိန်းနောင်	(အစား)	ရေ ၃၆၀၆ ဒုတိယဗိုလ်မှူးကြီး ကျော်ကျော်ထူး
(၂၀)	ကြည်း ၃၃၃၄၁ ဗိုလ်မှူး နန္ဒအေး	(အစား)	လေ ၂၁၆၂ ဒုတိယဗိုလ်မှူးကြီး စိုးလင်း

အမိန့်အရ
(ဝင်းကို)
အတွင်းရေးမှူး
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

ကြေးမုံစာတည်းရှုထောင့်

၂၃-၄-၂၀၁၂ [တနင်္လာနေ့]။

နေသူရိန်၏အပူရှိန်ကို အန်မတုစေလို

ယခုနှစ် နွေအပူမှာ စံချိန်တင်မြင့်မားလာသည်ဟု ထုတ်ပြန်ထားသည်။ ချောက်မြို့၏ ဧပြီ ၁၇ ရက် အမြင့်ဆုံးအပူချိန်မှာ ၄၆ ဒသမ ၁ ဒီဂရီ စင်တီဂရိတ်၊ ၁၁၅ ဒီဂရီဖာရင်ဟိုက်အထိရှိရာ လွန်ခဲ့သောနှစ်ပေါင်း ၂၈ နှစ်အတွင်း ယင်းမြို့၏ဧပြီလအတွက် အမြင့်ဆုံးအပူချိန်စံချိန်သစ်ဖြစ်သည်ဟု ဆိုထားပေသည်။ ထို့အပြင် မကွေး၊ မန္တလေးနှင့် ပဲခူးတိုင်းဒေသကြီး ဒေသများတွင် ဧပြီ ၁၈ ရက်မှလာမည့် ၁၀ ရက်အတွင်း ပျမ်းမျှအပူချိန်ထက် ပိုဦးမည်ဆိုထားရာ နေ့အပူချိန်မှာ အဆိုပါစံချိန်ထက် ကျော်လွန်ဦးမည့်သဘောဖြစ်နေပေသည်။

လက်ရှိကာလတွင် အပူချိန်မှာ ဒေသအနှံ့တွင်သိသိသာသာ မြင့်မားနေသည်မှာ အမှန်ပင်ဖြစ်သည်။ သို့သော်လည်း လူတို့သည်နေအပူရှိန်ကို အန်တု၍ မိမိတို့လူမှုနယ်ပယ်တွင် ပုံမှန်ကျင်လည်နေဆဲဖြစ်သည်။ သတိပြုဆင်ခြင်နေထိုင်မှု အားနည်းသောကြောင့် သူရိယနေအပူ၏ ဝါးမျိုမှုဖြင့် မကြွေလွင့်သင့်ဘဲ ကြွေလွင့်ရသူများကို သတင်းစာ၏အနိစ္စစာမျက်နှာတွင် တွေ့လာရသည်။အပူချိန် စံချိန်တင်မြင့်တက်မှုအောက်တွင် သက်ကြီးရွယ်အိုများနှင့် အရက်သေစာသောက်သုံးသူများ ဦးစွာတိမ်းပါးသွားကြရသည်။ အပူကြောင့် နောက်ဆက်တွဲဆိုးကျိုးကို တရားဝင်စစ်တမ်းကောက်ယူထုတ်ပြန်ခြင်းမရှိသောကြောင့် ကြွေလွင့်မှန်းမသိ ကြွေလွင့်နေကြရသည်။ အမှန်တွင် အပူကြောင့်သေဆုံးရသူများမှာ မလွဲမသွေရှိနေမည်မှာ အမှန်ဖြစ်သည်။

သို့ဆိုလျှင် အပူဒဏ်ကို ကာကွယ်နိုင်ရန် ဝိုင်းဝန်းလုပ်ဆောင်ကြရမည်။ အပူဒဏ်ကာကွယ်ရေးနှိုးဆော်ချက်များကိုလည်း မီဒီယာများက ဖော်ပြပေးလျက်ရှိသည်။ သတိပြုဆင်ခြင်နေထိုင်ရန်မှာ လူတိုင်း၏ တာဝန်ဖြစ်သည်။ မြန်မာနိုင်ငံတွင် စစ်တမ်းထုတ်ယူမှုအလေ့အထမှာ နည်းသေးလှသည်။ သက်ဆိုင်ရာက တာဝန်သိသိထုတ်ပြန်မှ သိလိုက်ရသည်။ စစ်တမ်းထုတ်ခြင်းသည် သင်ခန်းစာယူနိုင်ရန်နှင့် သတိပြုဆင်ခြင် ပြုပြင်နိုင်ရန်အတွက်ဖြစ်သည်။

လတ်တလောတွင် အပူချိန်ဆက်လက်မြင့်တက်နေဦးမည်ဖြစ်သဖြင့် နေ့လယ်နေ့ခင်း အပြင်ထွက်သူများ သတိပြုသင့်သည်။ အပြင်ထွက်သူများသည် မိမိခန္ဓာကိုယ်ကို နေရောင်ခြည်မှ အကာအကွယ်ပေးနိုင်သော ပေါ့ပါးပွရောင်းသည့် အပူမစုပ်သော အကျီလက်ရှည်၊ ထီး၊ နေကာမျက်မှန်တို့ကို အသုံးပြုသင့်သည်။ နေပူထဲတွင် အချိန်ကြာမြင့်စွာနေထိုင်မှုကို ရှောင်ရှားရမည်။ သက်ကြီးရွယ်အိုများနှင့် သွေးတိုး၊ နှလုံးနှင့် အတက်ရောဂါရှိသူများအား ဂရုပြုစောင့်ရှောက်ပေးရမည်ဖြစ်ပြီး အရိပ်အာဝါသနှင့် အေးမြသည့်နေရာများတွင် ထားရမည်ဖြစ်သည်။ အရက်သေစာသောက်စားသောသူများအနေဖြင့် အရက်ကိုဆင်ခြင်သောက်သုံးရန်ဖြစ်ပြီး အထူးသဖြင့် နေ့လယ်နေ့ခင်းပိုင်းတွင် မသောက်သုံးကြဖို့လိုမည်ဖြစ်သည်။ ယခုအခါ အရက်၏ နောက်ဆက်တွဲဆိုးကျိုးမှာ သိသာလှပြီး ယခုလိုနွေရာသီ ပူပြင်းလှသော အခါကာလတွင် အရက်ကိုအလွန်အကျွံသောက်သုံးသူများအား မရဏမင်းက ကြိုဆိုနေမည်သာဖြစ်သည်။

အပူချိန်မြင့်မားမှုသည် နွေရာသီတွင်ဖြစ်ပေါ်လေ့ရှိသည့် သဘာဝတရားဖြစ်သည်မှာမှန်သော်လည်း သဘာဝပတ်ဝန်းကျင် ပျက်ယွင်းမှုများကြောင့် တစ်နှစ်ထက်တစ်နှစ်ပိုတိုး၍လာမည်ကို အထူးသတိပြုကြရမည်ဖြစ်ပြီး သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်းများကို အမျိုးသားရေးအသွင်ဖြင့် ဆောင်ရွက်ကြရဦးမည်ဖြစ်သည်။ ယနေ့ကာလတွင် မိုးတိမ်တောင်ဖြစ်ပေါ်မှု အားနည်းနေသေးပြီး မိုးရွာမှုမရှိသဖြင့် အပူချိန်ရှိနေဦးမည်ဖြစ်သည်။ မိုးရွာလာပါက အကြောင်းမဟုတ်သော်လည်း မိုးမရွာလျှင်မူ ပို၍သတိပြုနေထိုင်ကြပါရန် အသိပေးနှိုးဆော်အပ်ပါသည်။

အထူးသဖြင့် မြန်မာပြည်အလယ်ပိုင်းဒေသများအတွက် ပိုမိုဂရုစိုက်ကြရမည်ဖြစ်သည်။ ပူပြင်းခြောက်သွေ့မှုနှင့်အတူ ရေရှားပါးခန်းခြောက်မှုများကိုလည်း သတိပြုရမည်ဖြစ်သည်။ ကျွန်ုပ်တို့ပြည်သူ ပြည်သားအပေါင်းတို့အနေဖြင့် အပူဒဏ်ကြောင့် ဖြစ်ပေါ်တတ်သည့်ဘေးအန္တရာယ်များ ကင်းဝေးစေရေးအတွက် သတိပြုဆောင်ရွက်ဖွယ်ကိစ္စရပ်များကို ဆောင်ရွက်ပေးကြပါရန်နှင့် သက်ကြီးရွယ်အိုများနှင့် အရက်သေစာ အလွန်အကျွံသောက်သုံးသူများ **နေသူရိန်၏အပူရှိန်**ကို အန်မတုမိဖို့လိုပါကြောင်း။ ။

(၂၇)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲအတွက် မြန်မာနိုင်ငံအားကစားအဖွဲ့ချုပ်များ၏ ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားရှိမှုများနှင့်စပ်လျဉ်းသည့် ညှိနှိုင်းအစည်းအဝေးကျင်းပ

ရန်ကုန် ဧပြီ ၂၂

၂၀၁၃ ခုနှစ်တွင် မြန်မာနိုင်ငံက အိမ်ရှင်အဖြစ်လက်ခံကျင်းပမည့် (၂၇)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲအတွက် မြန်မာနိုင်ငံအားကစားအဖွဲ့ချုပ်များ၏ ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားရှိမှုများနှင့်စပ်လျဉ်းသည့် ညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက် ၁၀ နာရီတွင် ရန်ကုန်မြို့ သဃ်န်းကျွန်းမြို့နယ်ရှိ အမျိုးသားအားကစားပြိုင်ပွဲရုံ(၁) သုဝဏ္ဏပတ္တမြားခန်းမ၌ကျင်းပသည်။

မြန်မာနိုင်ငံ အမျိုးသားအားကစားကော်မတီအတွင်းရေးမှူး အားကစားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအေးမြင့်ကြူ (၂၇)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲအတွက် မြန်မာနိုင်ငံအားကစားအဖွဲ့ချုပ်များ၏ ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားရှိမှုများနှင့်စပ်လျဉ်းသည့် ညှိနှိုင်းအစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

ညှိနှိုင်းအစည်းအဝေးတွင် မြန်မာနိုင်ငံ အမျိုးသားအားကစားကော်မတီအတွင်းရေးမှူး အားကစားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအေးမြင့်ကြူက (၂၇)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲ ကျင်းပနိုင်ရေးအတွက် ကြိုတင်ပြင်ဆင်မှုဆပ်ကော်မတီများ ဖွဲ့စည်းထားရှိပြီး ပြိုင်ပွဲကျင်းပရေးနှင့် အောင်နိုင်ရေး စီမံချက်များကို အားကစားအဖွဲ့ချုပ်များအနေဖြင့် ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားရန်လိုကြောင်း၊ ယခုပြိုင်ပွဲသည် အမျိုးသားရေးရည်မှန်းချက်ဖြစ်သောကြောင့် အားကစားနည်းအလိုက် အောင်မြင်မှုဆုတံဆိပ်များ ရရှိအောင် ယခုမှစတင်၍ ကြိုတင်စီစဉ်ပူးပေါင်းဆောင်ရွက်သွားရန် လိုအပ်ပါကြောင်း၊ အောင်နိုင်ရေးအတွက် အရည်အသွေးပြည့်မီသော အားကစားသမားကောင်းများ ရှာဖွေစုဆောင်းပြီး နည်းစနစ်နှင့် နည်းဗျူဟာအပိုင်းများကို ကျွမ်းကျင်ပိုင်နိုင်အောင် ပြင်းပြင်းထန်ထန်လေ့ကျင့်ပေးစေလိုကြောင်း၊ ပြည်ပနိုင်ငံများသို့ Joint Training များ စေလွှတ်လေ့ကျင့်ရေးနှင့် ဖိတ်ခေါ်လက်ရည်စစ်ပြိုင်ပွဲများ ဝင်ရောက်ယှဉ်ပြိုင်နိုင်ရေး စီမံချက်များ ဆောင်ရွက်သွားကြရန် လိုအပ်ပါကြောင်းဖြင့်ဆွေးနွေးသည်။

ဆက်လက်၍ မြန်မာနိုင်ငံအိုလံပစ်ကော်မတီ အထွေထွေအတွင်းရေးမှူး အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသောင်းထိုက်က ယခင်နှစ်များကထက် အောင်မြင်မှု ဆုတံဆိပ်များရရှိအောင် ကြိုးစားကြရန်နှင့် Olympic Sports များ ထည့်သွင်းကျင်းပရန် လိုအပ်ကြောင်း ရှင်းလင်းဆွေးနွေးသည်။

ယင်းနောက် မြန်မာနိုင်ငံအားကစားအဖွဲ့ချုပ်အသီးသီးမှ ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌများနှင့် အတွင်းရေးမှူးများက မိမိတို့အားကစားနည်းအလိုက် နည်းပြဆရာလိုအပ်ချက်၊ လက်ရွေးစင်အားကစားသမားဟောင်းများနှင့် သွေးသစ်အားကစားသမားများ ရရှိမှုအခြေအနေ၊ ပြည်ပနိုင်ငံများသို့ Joint Training သွားရောက်လေ့ကျင့်မှု အစီအစဉ်၊ လေ့ကျင့်ရေးနှင့်ပြိုင်ပွဲအတွက် အားကစားအထောက်အကူပြုပစ္စည်းများ လိုအပ်မှုများကို ဆွေးနွေးတင်ပြကြပြီး ဒုတိယဝန်ကြီး ဦးအေးမြင့်ကြူက နိဂုံးချုပ်ဆွေးနွေးခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မြဝတီရုပ်မြင်သံကြား အစီအစဉ်အကျဉ်း

၂၃-၄-၂၀၁၂ (တနင်္လာနေ့)

၇း၀၅	တရားတော်
၈း၁၅	ဇာတ်လမ်းတို
၄း၁၅	စိုက်ပျိုးသုတ
၄း၂၅	လျှပ်တစ်ပြက်
၄း၄၅	ဗွီစီဒီကျော်ကြားတေး
၅း၀၀	သာယာသီကြွေး ခေတ်ဆန်းတေး
၅း၂၀	**ရသစုံလင်ရုပ်မြင်ဇာတ်လမ်း "ဟာသလွင်ပြင်"(အပိုင်း-၉၉)**
၆း၂၀	သံစဉ်လမ်းက လင်းလက်ကြယ်
၇း၀၀	**ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -ကွန်ဖူးဘုရင်ဘရုစ်လီ (အပိုင်း-၂၈)**
၈း၀၀	မြဝတီရုပ်မြင်သံကြားသတင်း -မေးမြန်းစူးစမ်း -ယနေ့ညအတွက် မြဝတီ၏ တေးလက်ဆောင် **-ရသစုံလင်ရုပ်မြင်ဇာတ်လမ်း "အရိုက်အရာ"(အပိုင်း-၆)** -Mini Series

ပြည်ထောင်စုဖွား တိုင်းရင်းသား တားဆီးကာကွယ် မီးအန္တရာယ်

ဆိုင်ကယ်စီးသူများအတွက် အရေးကြီးသည့်ဦးထုပ်

တင်မောင်ငွေ(သန်လျင်)

ဆိုင်ကယ်စီးသူများအတွက် ဦးထုပ်သည် အလွန်ပင်အရေးကြီးပါသည်။ ထို့ကြောင့်လည်း ဆိုင်ကယ်စီးနင်းသူများအနေဖြင့် မဖြစ်မနေ ဆိုင်ကယ်ဦးထုပ်ဆောင်းရမည်။ ဦးထုပ်ဆောင်းရာတွင်လည်း မေးသိုင်းကြိုးပါ မြဲအောင်ချည်ရပေမည်။ ရန်ကုန်တိုင်းဒေသကြီး စည်ပင်သာယာနယ်နိမိတ် ပြင်ပတွင်ရှိသော မြို့နယ်များ၌ ဆိုင်ကယ်များစီးခွင့်ပေးထားသည်။ ထို့ကြောင့် အဆိုပါမြို့နယ်များ၌ ဆိုင်ကယ်များ အဆမတန်များပြားလာခဲ့သည်။ မူလက မိမိအိမ်အတွက် အသုံးပြုရန်ဖြစ်သော်လည်း နောက်ပိုင်းတွင် စီးပွားဆန်သော ကယ်ရီဆိုင်ကယ်များ ပေါ်လာခဲ့သည်။ အဆိုပါ ကယ်ရီဆိုင်ကယ်များအနေဖြင့် သူတို့ကို တရားဝင်အငှားချခွင့်ပြုပေးလေရော့လားမသိ ပိုမိုများပြားလာကာ မြို့နယ်အတွင်း ဆိုင်ကယ်ကယ်ရီများဖြင့် ပြည့်နှက်နေလေတော့သည်။

ခရီးသည်အတင်အချပြုသည့် မှတ်တိုင်များတွင်လည်း အဆိုပါကယ်ရီဆိုင်ကယ်များ၊ ဈေးအဝင်ဈေးအဝများတွင်လည်း အဆိုပါ ကယ်ရီဆိုင်ကယ်များ၊ လမ်းဆုံလမ်းခွနေရာလပ်မကျန်အောင် ကယ်ရီများကြီးစိုးနေရာယူနေကြသည်ကို တွေ့ရသည်။ သို့သော် မိမိဝမ်းရေးဝမ်းစာအတွက် လုပ်အားခရှာဖွေကြသည်ဆိုသော်လည်း အများစုသော ဆိုင်ကယ်ကယ်ရီသမားများမှာ စည်းကမ်းမဲ့ အော်ဟစ်ခေါ်ယူခြင်းမျိုး၊ လမ်းသွားလမ်းလာအားလုံးကို ဣန္ဒြေပျက်လောက်အောင်ပြုလုပ်ခြင်းများကို နေ့စဉ်တွေ့မြင်နေကြရသည်။

သက်ဆိုင်ရာမှ ချမှတ်ထားသော စည်းကမ်းချက်များထဲမှ ဦးထုပ်ဆောင်း၍ မောင်းနှင်ခြင်း၊ ခရီးသည်တစ်ဦးထက်ပို၍ တင်ဆောင်ခြင်းမပြုရဆိုသည့်အချက်များကို ဆန့်ကျင်ကာ ဦးထုပ်မဆောင်းခြင်း၊ ခရီးသည်နှစ်ဦးသုံးဦးတင်ဆောင်မောင်းနှင်ခြင်း၊ မောင်းနှင်ရာတွင် အရှိန်မထိန်းဘဲ အတင်းမောင်းနှင်ခြင်းတို့ကို ပြောင်ပြောင်တင်းတင်း ပြုလုပ်လာကြသည်။ သည်တော့ ဘာတွေဖြစ်လာကြသနည်းဆိုသော် ဆိုင်ကယ်အချင်းချင်းတိုက်မိခြင်း၊ ဆိုင်ကယ်နှင့် မော်တော်ယာဉ်တိုက်မိခြင်း၊ လမ်းသွားသူကို ဆိုင်ကယ်ဖြင့် တိုက်မိခြင်း၊ ခရီးသည်ကို တင်ဆောင်ပြီး အရှိန်ပြင်းမောင်းနှင်သဖြင့် ခရီးသည်ပြုတ်ကျ၍ သေဆုံးရခြင်းစသည်တို့ ဖြစ်ပေါ်လာကြပေသည်။

သက်ဆိုင်ရာတာဝန်ရှိသူများက ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း၊ ဆိုင်ကယ်စီးသူများ၏ လိုက်နာရမည့်စည်းကမ်းချက်များကို အချိန်နှင့်တစ်ပြေးညီဆောင်ရွက်အရေးယူနေသော်လည်း အများစုမှာ လိုက်နာခြင်းမရှိသည်ကို တွေ့ရှိရသည်။ ဆိုင်ကယ်မောင်းနှင်သူအတွက် အရေးကြီးဆုံးမှာ ဦးထုပ်ဆောင်းထားရေးပင်ဖြစ်သည်။ ဆိုင်ကယ်သည် အကာအရံမရှိ တစ်ဦးတည်းမောင်းနှင်ရင်း ဆိုင်ကယ်မှောက်ပါက ဦးထုပ်ဆောင်းထားလျှင် မည်သို့ပင်ကျကျ ဦးခေါင်းအတွက် ကာကွယ်မှုပြုထားသဖြင့် အသက်အန္တရာယ် စိတ်ချရပေသည်။ ထို့အတူ တင်ဆောင်လာသည့် ခရီးသည်ကိုလည်း ဦးထုပ်ဆောင်း၍ တင်ဆောင်ခြင်းဖြင့် အန္တရာယ်ကင်းနိုင်ပါသည်။ ဆိုင်ကယ် ဦးထုပ်ဆောင်းကြရန်အတွက် သတိပေးမှုပြုနေကြသော်လည်း မည်သို့မျှ မခဲယဉ်းသည့် ဦးထုပ်ဆောင်းခြင်းကို မပြုလုပ်မိသောကြောင့် ဆိုင်ကယ်ပေါ်မှ ပြုတ်ကျ၍ ဦးခေါင်းနှင့်မြေပြင် ရိုက်မိကာ အသက်ဆုံးရှုံးရသည်များ မကြာခဏ ဖြစ်တတ်ကြပေသည်။

ထိုထိုသော ဖြစ်ပျက်မှုများကြောင့် အသက်မသေသင့်ဘဲ သေကြရပေသည်။ ဦးထုပ်မဆောင်းခြင်းကြောင့် ဆိုင်ကယ်စီးသူရောလိုက်ပါသူပါ အန္တရာယ်ဖြစ်နိုင်ကြောင်း သတိချပ်သင့်ပေသည်။ ဆိုင်ကယ်ဦးထုပ် ဆောင်းထားသဖြင့် မည်သို့ပင်ဆိုင်ကယ်ပေါ်မှ လွင့်စဉ်ကျစေ ဦးခေါင်းနှင့် ကျသော်လည်းဦးထုပ်ဆောင်းထားသဖြင့် ဦးခေါင်းထိခိုက်ခြင်းမရှိဘဲ အခြားနေရာသာ ထိခိုက်မှုဖြစ်သဖြင့် အသက်အန္တရာယ်စိုးရိမ်ရသည့် အဆင့်မရောက်နိုင်ပေ။ ထို့ကြောင့် ဆိုင်ကယ်မောင်းနှင့် ဆိုင်ကယ်ပေါ် လိုက်ပါသူအားလုံး ဦးထုပ်ကို အမြဲတပ်ဆင်ဆောင်းထားရမည်သာ။ ချမှတ်ထားသော ယာဉ်စည်းကမ်းများကို လေးစားစွာလိုက်နာရင်း မော်တော်ဆိုင်ကယ်မောင်းသူများ သတိပြုရန်မှာ အဓိက ဆိုင်ကယ်ဦးထုပ်ဆောင်းရမည်။ ဦးထုပ်ဆောင်းရာတွင်လည်း မေးသိုင်းကြိုးမြဲအောင်ချည်ခြင်း၊ တစ်စီးနှင့် တစ်စီး အပြိုင်မမောင်းစေခြင်း၊ ခရီးသည်တင်ဆောင်ရာတွင် ခရီးသည်တစ်ဦးသာ တင်ဆောင်စေခြင်း၊ ရှေ့၊ နောက်၊ ဝဲ၊ ယာ ကြည့်၍ မောင်းနှင်ခြင်းတို့ကို သတိဖြင့်ပြုလုပ်ခြင်းဖြင့် ယာဉ်စည်းကမ်းကို လိုက်နာရာရောက်သကဲ့သို့ မိမိနှင့် လိုက်ပါသူခရီးသည်အတွက်ပါ အသက်အန္တရာယ်ကင်းရှင်းစိတ်ချစေပါကြောင်း အသိပေး ရေးသားလိုက်ရပါသည်။ ။

အမေရိကန်ဒေါ်လာနှင့် နိုင်ငံတကာငွေကြေးများလဲလှယ်နှုန်း

၂၂ - ၄ -၂၀၁၂

ငွေကြေးစနစ်	တစ်ဒေါ်လာလျှင်ယူနစ်	တစ်ယူနစ်လျှင်ဒေါ်လာ
မြန်မာ(ကျပ်)	၈၂၂. ၀၀၀	၀. ၀၀၁၂၂
ထိုင်း (ဘတ်)	၃၀. ၇၂၀၀	၀. ၀၃၂၅၅
တရုတ် (ယွမ်)	၆. ၃၀၅၇၀	၀. ၁၅၈၅၉
အိန္ဒိယ (ရူပီး)	၅၂. ၀၈၀၀	၀. ၀၁၉၂၀
မလေးရှား (ရင်းဂစ်)	၃. ၀၆၅၅၀	၀. ၃၂၆၂၁
စင်ကာပူ (ဒေါ်လာ)	၁. ၂၄၈၇၀	၀. ၈၀၀၈၃
ဂျပန် (ယန်း)	၈၁. ၅၃၅၀	၀. ၀၁၂၂၆
တောင်ကိုရီးယား(ဝမ်)	၁၁၃၈. ၈၀	၀. ၀၀၀၈၈
ယူရို	၀. ၇၅၆၂၅	၁. ၃၂၂၃၁
ဗြိတိသျှ (ပေါင်)	၀. ၆၂၀၁၀	၁. ၆၁၂၆၅

အင်တာနက်။

❒ ရှေ့ဖုံးမှ

(၂၀)	ကြည်း ၃၃၁၈၇ ဗိုလ်မှူး အောင်အောင်လတ်	(အစား)	ကြည်း ၂၁၈၈၀ ဒုတိယဗိုလ်မှူးကြီး သိမ်းထွန်း
(၂၂)	ကြည်း ၃၃၁၉၃ ဗိုလ်မှူး ကျော်လင်း	(အစား)	ကြည်း ၂၁၉၀၉ ဒုတိယဗိုလ်မှူးကြီး တင်မိုး
(၂၃)	ကြည်း ၃၃၂၀၈ ဗိုလ်မှူး ချမ်းမင်းလတ်	(အစား)	ကြည်း ၂၂၁၀၀ ဒုတိယဗိုလ်မှူးကြီး လှစိုး
(၂၄)	ကြည်း ၃၃၂၁၂ ဗိုလ်မှူး အောင်ကိုလတ်	(အစား)	ကြည်း ၂၂၃၉၀ ဒုတိယဗိုလ်မှူးကြီး ဝင်းဖော်ငွေ
(၂၅)	ကြည်း ၃၃၂၁၄ ဗိုလ်မှူး စိုးမင်းအောင်	(အစား)	ကြည်း ၂၂၄၀၃ ဒုတိယဗိုလ်မှူးကြီး သိန်းငွေ
(၂၆)	ကြည်း ၃၃၂၁၆ ဗိုလ်မှူး ကောင်းမြတ်	(အစား)	ကြည်း ၂၂၄၆၂ ဒုတိယဗိုလ်မှူးကြီး ထွန်းလင်းဦး
(၂၇)	ကြည်း ၃၃၂၂၉ ဗိုလ်မှူး အောင်တေဇာလွင်	(အစား)	ကြည်း ၂၂၆၀၃ ဒုတိယဗိုလ်မှူးကြီး ရဲထွန်း
(၂၈)	ကြည်း ၃၃၂၃၁ ဗိုလ်မှူး စိန်မြင့်	(အစား)	ကြည်း ၂၂၉၈၃ ဒုတိယဗိုလ်မှူးကြီး မြတ်ခိုင်
(၂၉)	ကြည်း ၃၃၂၅၃ ဗိုလ်မှူး နိုင်းခိုင်	(အစား)	ကြည်း ၂၃၀၀၀ ဒုတိယဗိုလ်မှူးကြီး စောမြင့်ဝင်းအောင်
(၃၀)	ကြည်း ၃၃၃၁၃ ဗိုလ်မှူး စိုးသူရ	(အစား)	ကြည်း ၂၃၀၁၁ ဒုတိယဗိုလ်မှူးကြီး ကျော်အောင်
(၃၁)	ကြည်း ၃၃၃၂၆ ဗိုလ်မှူး အောင်ကျော်စိုး	(အစား)	ကြည်း ၂၃၀၇၄ ဒုတိယဗိုလ်မှူးကြီး ထင်ကျော်စိုး
(၃၂)	ကြည်း ၃၃၃၇၆ ဗိုလ်မှူး ကျော်မျိုးထွန်း	(အစား)	ကြည်း ၂၄၀၀၂ ဒုတိယဗိုလ်မှူးကြီး အောင်ခိုင်
(၃၃)	ကြည်း ၃၃၄၅၀ ဗိုလ်မှူး အောင်မြတ်ငွေ	(အစား)	ကြည်း ၂၄၈၅၀ ဒုတိယဗိုလ်မှူးကြီး သန်းနိုင်
(၃၄)	ကြည်း ၃၄၀၀၁ ဗိုလ်မှူး အုပ်စိုးလှိုင်	(အစား)	ကြည်း ၂၄၈၅၃ ဒုတိယဗိုလ်မှူးကြီး သိန်းဝင်း
(၃၅)	ကြည်း ၃၄၀၂၄ ဗိုလ်မှူး ရာဇာထွန်း	(အစား)	ကြည်း ၂၄၉၈၃ ဒုတိယဗိုလ်မှူးကြီး မျိုးထွန်း
(၃၆)	ကြည်း ၃၄၁၁၁ ဗိုလ်မှူး အောင်နိုင်ဝင်း	(အစား)	ကြည်း ၂၅၂၅၈ ဒုတိယဗိုလ်မှူးကြီး မျိုးမြင့်ဦး
(၃၇)	ကြည်း ၃၄၁၂၆ ဗိုလ်မှူး ဟိန်းထက်အောင်	(အစား)	ကြည်း ၂၆၈၃၉ ဒုတိယဗိုလ်မှူးကြီး ကျော်သီဟ
(၃၈)	ကြည်း ၃၄၁၃၅ ဗိုလ်မှူး စိုးဝင်းနိုင်	(အစား)	ရေ ၃၆၈၆ ဒုတိယဗိုလ်မှူးကြီး မိုးဟိန်း
(၃၉)	ကြည်း ၃၄၁၃၆ ဗိုလ်မှူး ကျော်လွင်ဦး	(အစား)	လေ ၁၉၃၄ ဒုတိယဗိုလ်မှူးကြီး ခင်မြင့်

အမိန့်အရ
(ဝင်းကို)
အတွင်းရေးမှူး
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

မြန်မာ့ရုပ်မြင်သံကြား အစီအစဉ်အကျဉ်း

၂၃-၄-၂၀၁၂ (တနင်္လာနေ့)

၇:၀၀ ပရိတ်တရားတော်
၈:၀၅ "ဖွံ့ဖြိုးမှုအလှပန်းစုံညီ ရန်ကုန်တိုင်းဒေသကြီး"
"ဖွံ့ဖြိုးဝေစည်တိုင်းဧရာဝတီ"
၈:၁၅ ချစ်စရာ့အရွယ်ကကြိုးသွယ်
၈:၂၅ "ချစ်တတ်ကြရအောင်"
၄:၃၅ "ပြဒါးသေတစ်ဆွဝ၊ သံသေတစ်ပြည်ဝ"
၄:၄၅ အဝေးသင်တက္ကသိုလ် ပညာရေးရုပ်မြင်သံကြား သင်ခန်းစာ
-တတိယနှစ် (သမိုင်းအထူးပြု) (သမိုင်း)
၅:၀၅ တေးဂီတအစီအစဉ် (မြန်မာ့အသံခေတ်ပေါ် တေးဂီတအဖွဲ့ဖျော်ဖြေခန်း)
၅:၃၀ "ဝါသီးကရွှေသီးဖြစ်ပြီ"
၆:၂၀ ဆိုကြမယ် ပျော်ကြမယ်
၇:၀၀ **နိုင်ငံခြားဇာတ်လမ်းတွဲ "ချမ်းမြေ့ပျော်ရွှင်" (အပိုင်း-၂၁)**
၈:၀၀ ပြည်တွင်းသတင်း
-ကမ္ဘာကျော်သရုပ်ဆောင်များ
-အိန္ဒိယရုပ်ရှင် "ဝိညာဉ်ကလေ့စား" (ဇာတ်သိမ်းပိုင်း)

သစ်တောသစ်ပင် ဒို့ချစ်ခင် အစဉ်စိုက်ပျိုး အလှတိုး

ဖတ်စရာ မှတ်စရာ

ရလဒ်ကောင်းတစ်ခုအတွက်

ကျောင်းသားတစ်ဦး၏ ပညာသင်ယူနိုင်မှု ထူးချွန်ထက်မြက်မှုကို လေ့လာရာတွင် ယင်းကျောင်းသား ကျောင်းသူ၏ ကြိုးစားအားထုတ်မှုထက် ယင်း၏ အုပ်ထိန်းသူ မိဘက မည်ရွေ့မည်မျှ ကူညီပံ့ပိုးပေးနိုင်သနည်းဟူသည့် အချက်ပေါ်တွင်လည်း တည်မှီနေသည်ကို တွေ့ရသည်။

အထူးသဖြင့် မိဘအများစုသည် မိမိတို့သားသမီးများ၏ ပညာရေးကို အတန်းကြီးရောက်မှသာမဟုတ် မူလတန်းကတည်းကပင် အလေးပိုနေသည်ကို တွေ့ရသည်။ မိဘများကိုယ်တိုင် သူငယ်တန်းမှစ၍ စာလိုက်သင်ကြသည်။ ကျောင်းဖွင့်လျှင် ကျောင်းကြို/ပို့ရသည်။ ကျူရှင်ကြို/ပို့ရသည်။ မပင်ပန်းနိုင်။ တတ်နိုင်လျှင် တတ်နိုင်သလောက် အပံ့အပိုးများ၏။ ကျောင်းသင်ပညာရေးသာ မဟုတ်။ နွေရာသီတွင် ဂူရှူး၊ တိုက်ကွမ်ဒို၊ ရေကူး၊ ကွန်ပျူတာ၊ ပန်းချီ စသဖြင့် အပြိုင်အဆိုင်အားတက်သရော ပို့ကြပြန်၏။ ဤသို့ အပံ့အပိုးပြုကြသည်မှာ အလယ်တန်း၊ အထက်တန်းအထိတိုင် မိဘများက သားသမီးအပေါ်ထားသည့် စေတနာများပင်တည်း။

ရန်ကုန် မိဘများ ပညာရေးအလေးထားပုံရှုထောင့်မှ မြင်ကွင်းတစ်ခုကို တင်ပြချင်ပါသည်။ မကြာမီရက်ပိုင်းအတွင်းကပင် မိဘတစ်ဦး ဖုန်းဖြင့် ထူးထူးခြားခြား မေးလာသည့် သတင်းတစ်ခုကြားခဲ့ရ၏။ (လက်တွေ့သင်ကြားနေသည့် ဆရာထက်ပင် သတင်းဦးပါပေသည်) အကြောင်းမှာ ပြီးခဲ့သည့်လပိုင်းအတွင်းကမှ ကျင်းပပြီးစီးသွားခဲ့သည့် တက္ကသိုလ်ဝင်တန်း အင်္ဂလိပ်ဘာသာမေးခွန်းလွှာနှင့် ပတ်သက်နေသည်။ ယင်းဘာသာရပ် မေးခွန်းလွှာနံပါတ် IX တွင် Essay သုံးပုဒ်မေးထားပါသည်။ ယင်းအထဲမှတစ်ခုမှာ "The daily life of a Student" ဖြစ်သည်။ ယင်းမိဘ၏ သားမှာ "My daily life"ကို ဖြေဆိုခဲ့ကြောင်း၊ ယခုအဖြေလွှာ စစ်ဆေးနေရာတွင် "My daily life"ဟု ရေး၍ ဖြေဆိုလျှင် အမှတ်မပေးကြောင်း စာစစ်မိတ်ဆွေအချို့ထံမှကြားရ၍ သူ့သားအတွက် စိုးရိမ်သောကဖြင့် မေးခြင်းဖြစ်ပါသည်။ ယင်းမိဘအား အမှတ်မပေးဘူးဆိုသည်မှာ မဖြစ်နိုင်ကြောင်း၊ ထိုက်သင့်သည့် အချက်အလက်များ၊ ကာလများမှန်အောင်ရေးနိုင်လျှင် ရနိုင်ပါကြောင်း အတိုချုပ်ရှင်းပြလိုက်ရ၏။

စာရေးသူလည်း အင်္ဂလိပ်စာဌာန(တောင်ငူဆောင်)တွင် နှစ်ပေါင်း ၁၀ နှစ်ခန့် အင်္ဂလိပ်စာစစ်ဖူးပါသည်။ လုံးဝအမှတ်မပေးသည့် အခြေအနေမျိုးမကြုံဖူးပါ။ သာမန်အားဖြင့် အဓိပ္ပာယ်လွဲမှားနေသည့် ခေါင်းစဉ်တစ်ခုကိုပင် ပါမောက္ခကိုယ်တိုင်က အမှတ်ပေးလိုက်ပါဟု ပြောဖူးသည်။ ဆယ့်လေးငါးခြောက်နှစ်မက ကြာခဲ့ပြီမို့ Professor အမည်တော့ မသဲကွဲတော့ပါ။ အကြောင်းခြင်းရာကိုတော့ မှတ်မိနေဆဲဖြစ်ပါသည်။ ထိုနှစ်က မေးသောမေးခွန်းမှာ "The Subject I fear most." ဖြစ်သည်။ ကျောင်းသားအတော်များများက အဓိပ္ပာယ်အတိအကျမသိ၍ပဲလား၊ သို့တည်းမဟုတ် တကယ်ပင်မရ၍ မိမိတို့ရသည့်ခေါင်းစဉ်ကိုပဲ ရေးလေသလား မပြောတတ်။ "The Subject I Like best" ကိုသာ ခေါင်းစဉ်တပ်၍ ဖြေကြလေတော့သည်။ သာမန်အားဖြင့်ကြည့်လျှင် I Like best နှင့် I fear most သည် ဆန့်ကျင်ဘက်ကွာခြားသယောင် ထင်ရပါသည်။ ထိုအချိန်က ပါမောက္ခက The Subject I Like best ဖြေလျှင်လည်း အမှတ်ပေးလိုက်ပါဟု ပြောဆိုဖူးပါသည်။ ဆိုလိုသည်မှာ ကျောင်းသားသည် လုံးဝအမှတ်မရမဟုတ်ဘဲ ထိုက်သင့်သလောက် အမှတ်ရနိုင်သည့် သဘောပင်ဖြစ်သည်။

ဤသို့သော ပါမောက္ခကြီး၏ ညင်သာပျော့ပျောင်း၍ လိမ္မာပါးနပ်သော အဖြေကို စာရေးသူ၏မိတ်ဆွေ(စာစစ်ဖက်)က ကောင်းချီးပေး၍ ထောက်ခံခဲ့သည်။ အကြောင်းမှာ ပါမောက္ခကြီးတွေးသကဲ့သို့ပင် ချစ်ခြင်း၊ ကြိုက်ခြင်းနှင့် ကြောက်ခြင်းသည် ဆန့်ကျင်ဘက်အသွင်မဆောင်ပါ။ ဥပမာ မိန်းကလေးတစ်ဦးအား နှစ်သက်မိသည်။ သို့သော် ချစ်ခွင့်ပန်စကားပြောရမည်မှာ ရင်ထဲတွင် တဒိန်းဒိန်းနှင့် ကြောက်နေမည်သာဖြစ်သည်။ ထို့ကြောင့် ချစ်စိတ်ကြိုက်စိတ်နှင့် ကြောက်ရွံ့မှုသည် ဆက်စပ်မှု (အတူတူဖြစ်သည်ဟု ဆိုလိုဟန်ရှိသည်)ရှိသည်။ စာရေးသူကလည်း မိမိဆရာများကို ချစ်ကြောက်ရိုသေမှုနှင့် အင်္ဂလိပ်စာကို ကြောက်ကြသည်။ သို့သော် လေ့လာရန် အနှစ်သက်ဆုံး ဘာသာရပ်ဖြစ်နေပုံမျိုးနှင့် ဆင်တူကြောင်းပြောဆိုမိ၏။ ဤနေရာတွင် ခေါင်းဆောင်တစ်ဦး၏ လျော်ကန်သင့်မြတ်သည့် အတွေးအမြင်တစ်ခုကြောင့် ရလဒ်ချောမွေ့ခဲ့သည်။

ယခုကိစ္စတွင်မူ ကျောင်းသားမိဘစိုးရိမ်နေသကဲ့သို့ မဖြစ်နိုင်ပါ။ ဖြစ်လည်း မဖြစ်သင့်ပါ။ အကြောင်းမှာ "My daily Life" ကို ကျောင်းသားက ခေါင်းစဉ်တပ်၍ ဖြေဆိုခဲ့သည့်တိုင် အမှတ်မပေး၍ မရနိုင်ပါ။ အဘယ့်ကြောင့်ဆိုသော် ယင်းအင်္ဂလိပ်ဘာသာအဖြေလွှာပေါ်မှ "My" ဆိုသည်မှာ အခြားသူတစ်ဦးတစ်ယောက်မဟုတ် တက္ကသိုလ်ဝင်စာမေးပွဲဝင်ရောက်ဖြေဆိုနေသည့် ကျောင်းသားတစ်ယောက် (a student)ပင် ဖြစ်သည်။ ထို့ကြောင့် ယင်းခေါင်းစဉ်ဖြင့် ရေးဖြေသော စာစီစာကုံးမှာ အကြုံးဝင်ပါသည်။ အမှတ်ပေးရမည်ဖြစ်ပါသည်။ အမှတ်ပေးကြလိမ့်မည်ဟုလည်း ယူဆပါသည်။ ထို့အတူပင် "The importance of self-dicipline" တွင်လည်း ကျောင်းသားက "The importance of dicipline" ဖြေစေဦးတော့ လုံးဝလွဲချော်နေခြင်းမဟုတ်ပါ။ Self-dicipline ပေါ်တွင် အလေးပေး ရေးသားမှု အနည်းအများပေါ်တွင်သာ ကွာဟနိုင်ပါသည်။ အဖြေတစ်ခုကို ရှုထောင့်တစ်ခုထဲက ကြည့်မြင်ခြင်းထက် ရှုထောင့်စုံမှကြည့်၍ အကဲဖြတ် မှတ်ချက်ပြုခြင်းက ဆင်ခြင်တုံတရား ပြည့်ဝရာရောက်ပါသည်။

ပြောချင်သည့် ပထမအချက်မှာ 'စည်း' ဖြစ်သည်။ လူ့စည်း ဘီလူးစည်း ရှိသည်။ ကိုယ်ထိန်းသိမ်းရမည့် ကိုယ့်စည်းကိုယ့်တာ လုံရန်လိုသည်။ ဆိုလိုသည်မှာ အတွင်းထရံ အပြင်မကာသင့်ပေ။ ဒုတိယအချက်မှာ အခြေအနေတစ်ရပ်၊ အကြောင်းအရာတစ်ခုကို အဆုံးအဖြတ်ပေးရမည့်သူ (Decision Maker) ကလည်း တည့်မတ်မှန်ကန်သည့် အယူအဆတစ်ရပ်ကို မျှတစွာ ချမှတ်ဆောင်ရွက်သင့်သည်။ ဤနေရာတွင် ကြေးမုံစာတည်းရှုထောင့်မှ နဲ့သမားတစ်ဦးနှင့် နဲ့လျှာခင်ဝယ်သူတို့၏ ပုံပြင်ကဲ့သို့ နှလုံးမူသင့်လှ၏။ မိမိ၏ ပညာစွမ်း၊ ဂုဏ်အရည်အသွေးကို ပြလို၍ "ငါပြောအဟုတ်၊ ငါလုပ်အမှန်၊ ငါကြံလျှင်မြောက်၊ ငါလောက် မတော်" ဆိုသည့် အတ္တနေ့ာမတိ မာနများကို ဖြေလျှော့၍ ထက်အောက်ပူးပေါင်း ညှိနှိုင်းရွက်ဆောင်ခြင်းဖြင့် ကောင်းသောရလဒ်တစ်ခုကို ဆောင်ကြဉ်းနိုင်လိမ့်မည်ဟု မျှော်လင့်ပါသည်။ ။

ခင်မောင်ငွေ(ပညာရေး)

ဗိသနိုးရှေးဟောင်းယဉ်ကျေးမှုနယ်မြေ၌ ပေ ၁၀၀၀ ကျော် စက်ရေတွင်း ကျောက်စရစ်ချ၍ အောင်မြင်စွာတူးဖော်

ဗိသနိုးရှေးဟောင်းယဉ်ကျေးမှုနယ်မြေ ဓမ္မမိတ်ဆက်ကျောင်းဝင်းအတွင်း၌ Koken တွင်းတူးစက်ဖြင့် စက်ရေတွင်းတူးဖော်ရာတွင် အသုံးပြုသည့် ကျောက်စရစ်များကို ဆန်ခါချ သန့်စင်နေမှုကို တွေ့ရစဉ်။

နေပြည်တော် ဧပြီ ၂၂

မြန်မာနိုင်ငံအလယ်ပိုင်း မိုးနည်းရေရှားရပ်ဝန်းဒေသတစ်ခုဖြစ်သော မကွေးတိုင်းဒေသကြီး မကွေးခရိုင် တောင်တွင်းကြီးမြို့နယ်သည် အပူပိုင်းဒေသဖြစ်ပြီး ရေရှားပါးသည်။ ထိုဒေသတွင် ပေ ၁၀၀၀ အောက် ရေရရှိရန် မလွယ်ကူပြီး ပေ ၁၀၀၀ အထက် တူးဖော်ရန်လည်း ခက်ခဲသည်။ ထိုအခက်အခဲကို ပြေလည်ရန် တောင်တွင်းကြီးမြို့နယ် ဗိသနိုးရှေးဟောင်းယဉ်ကျေးမှုနယ်မြေ၌ အနက်ပေ ၁၀၀၀ ကျော်ရှိ စက်ရေတွင်းတစ်တွင်းကို ကျောက်စရစ်ချ၍ အောင်မြင်စွာတူးဖော်ခဲ့ပြီး ဒေသ၏ သောက်သုံးရေလိုအပ်ချက်ကို တစ်ဖက်တစ်လမ်းက ဖြည့်ဆည်းနိုင်ခဲ့ပြီဖြစ်သည်။

ရေအရင်းအမြစ်အသုံးချရေးဦးစီးဌာန မြေအောက်ရေဌာနခွဲသည် တောင်တွင်းကြီးမြို့နယ် လက်ပံရှည်ကျေးရွာအုပ်စု ဗိသနိုးရှေးဟောင်းယဉ်ကျေးမှုနယ်မြေအတွင်းရှိ ဓမ္မမိတ်ဆက်ကျောင်းဝင်းအတွင်း၌ Koken တွင်းတူးစက်ဖြင့် လေးလက်မစက်ရေတွင်းတစ်တွင်းကို ၂၀၁၁ ခုနှစ် မေလအတွင်းက အောင်မြင်စွာ တူးဖော်ခဲ့ခြင်းဖြစ်သည်။ အဆိုပါ စက်ရေတွင်းသည် ရေထွက်နှုန်း တစ်နာရီ ၂၅၀၀ ဂါလန်၊ ရေနေပေ ၃၅ ပေ၊ တွင်းတူးအနက်ပေ ၁၁၈၀ ဖြစ်ပြီး ဓာတ်ခွဲခန်းစမ်းသပ်ချက်အရ ရေအရည်အသွေး အထူးကောင်းမွန်၍ သောက်သုံးရေအဖြစ် အသုံးပြုနိုင်သည်။

ရေအရင်းအမြစ်အသုံးချရေးဦးစီးဌာန၏ ကူညီပံ့ပိုးမှုဖြင့် ဗိသနိုးရှေးဟောင်းယဉ်ကျေးမှုနယ်မြေ ဓမ္မမိတ်ဆက်ကျောင်းဝင်းအတွင်းရှိ စက်ရေတွင်းတစ်တွင်း အပါအဝင် တောင်တွင်းကြီးမြို့ အုန်းတော(၁)တိုးချဲ့ရပ်ကွက် (၅၅၀)ကွက်သစ်၌ စက်ရေတွင်း(ရေလှံ့တွင်း) တစ်တွင်း၊ တောင်တွင်းကြီးမြို့ ဗိမာန်ကျောင်းတိုက်အတွင်း၌ စက်ရေတွင်း တစ်တွင်း စုစုပေါင်း စက်ရေတွင်း သုံးတွင်းကို အောင်မြင်စွာ တူးဖော်ပေးနိုင်ခဲ့ပြီး စက်ရေတွင်းများ ထပ်မံတူးဖော်ပေးရန် အစီအစဉ်ရှိကြောင်းလည်း သိရသည်။

ရေအရင်းအမြစ် အသုံးချရေးဦးစီးဌာနသည် မြန်မာနိုင်ငံအလယ်ပိုင်း မိုးနည်းရေရှားဒေသများ၌ မြေအောက်ရေကို ထုတ်ယူ၍ စိုက်ပျိုးရေအတွက်သာမက သောက်သုံးရေရရှိရေးအတွက်ပါ ဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိရာ ယခုကဲ့သို့ စက်ရေတွင်း တူးဖော်ရန်ခက်ခဲပြီး သောက်သုံးရေရှားပါးသော တောင်တွင်းကြီးမြို့နယ်အတွင်း စက်ရေတွင်းများ တူးဖော်ပေးနိုင်ခဲ့ခြင်းအပေါ် ဒေသခံပြည်သူများ အနေဖြင့် ကျေးဇူးတင်ဝမ်းမြောက်လျက်ရှိကြောင်း သိရသည်။ (ကိုထွေး)

မော်တော်ယာဉ်များ မီးလောင်မှု သတိပြု

မော်တော်ယာဉ်များအသုံးပြုရာတွင် မောင်းနှင်နေစဉ်နှင့် ရပ်ထားစဉ် ဝါယာရှော့ဖြစ်ခြင်း၊ ကားဂက်(စ်)အိုးအဝင်ပိုက်ဆက်ပြုတ်ရာမှ ဒိုင်နမိုနှင့်ထိ၍ မီးလောင်ခြင်း၊ စက်နှိုးထားစဉ် ဆီထည့်ခြင်း၊ ကာပရိုက်တာ ဆီလျှံခြင်း၊ ကားခေါင်းခန်းအတွင်း ခြင်ဆေးခွေထွန်းခြင်း၊ ပူပြင်းသောရာသီကာလ နေ့လယ်ပိုင်းတွင် ပလတ်စတစ်ပုံးများဖြင့် ဆီလှယ်ခြင်း၊ ညအချိန် ကားပြင်နေစဉ် ဖယောင်းတိုင်မီးဖြင့် ကြည့်ရှုခြင်း၊ ဆီထည့်နေစဉ် ဆေးလိပ်သောက်ခြင်း၊ လက်ကိုင်ဖုန်းပြောခြင်းနှင့် မီးပွားထွက်နိုင်သည့်နေရာများတွင် ဆီထည့်ခြင်းတို့ကြောင့် မီးလောင်မှုဖြစ်ပွားနိုင်ကာ မလိုလားအပ်သော ဆုံးရှုံးမှုများဖြစ်ပေါ်နိုင်သဖြင့် ဖော်ပြပါအချက်များ မဖြစ်ပေါ်စေရေးအတွက် သတိပြုရှောင်ကြဉ်ကြရန်၊ မီးလောင်မှုဖြစ်ပွားပါက အလွယ်တကူငြိမ်းသတ်နိုင်သော ဓာတုဗေဒပေါင်ဒါမှုန့်ခြောက် မီးသတ်ဆေးဘူး (Dry Chemical Powder) အား မော်တော်ယာဉ်တိုင်းတွင် အသင့်ဆောင်ထားသင့်ကြောင်း သတိပေးနှိုးဆော်အပ်ပါသည်။

မီးသတ်ဦးစီးဌာန

နီပေါတောင်တက်သမား ဧဝရက်တောင်တက်စဉ်သေဆုံး

ခတ္တမန္ဒူ မေ ၂၂

အသက်(၃၀)အရွယ်ရှိ နီပေါနိုင်ငံသား တောင်တက်သမားလမ်းပြတစ်ဦးသည် ဧဝရက်တောင်ကိုတိုင်းတာရန်ကြိုးစားနေစဉ် စနေနေ့က သေဆုံးသွားကြောင်း အစိုးရအဖွဲ့တာဝန်ရှိသူတစ်ဦး က ပြောသည်။

၈၈၄၈ မီတာမြင့်သော တောင်တက်လမ်း၏ သုံးပုံနှစ်ပုံအလွန်တွင်ရှိသည့် အခြေစိုက်စခန်း အမှတ်-၂ သို့ တက်နေစဉ် အက်ကွဲကြောင်းတစ်ခုအတွင်းသို့ တောင်တက်သမား နန်ယာရှာရင်းရှာပါ ကျရောက်သွားခဲ့ခြင်းဖြစ်သည်ဟု နီပေါခရီးသွားလာရေးဌာနမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

၎င်းသည် နှင်းခဲကိုခြေချော်၍ မီတာ ၄၀ နက်သော အက်ကြောင်းအတွင်းသို့ ကျသွားခြင်းဖြစ်ကြောင်း၊ မီတာ ၆၅၀၀ အမြင့်၌ရှိသည့် စခန်းအမှတ်-၂ အနီးတွင် ၎င်း၏အလောင်းကို ကောက်ယူရရှိခဲ့ကြောင်း အဆိုပါတာဝန်ရှိသူက အေအက်ဖ်ပီသို့ ပြောသည်။

၎င်းသည် နယ်သာလန်၊ ကနေဒါ၊ အီကွေဒေါနှင့် နော်ဝေနိုင်ငံတို့မှ စူးစမ်းလေ့လာရေးတောင်တက်သမားများအဖွဲ့ကို အကူအညီပေးသည့်အဖွဲ့တွင် အဖွဲ့ဝင်အဖြစ် ပါဝင်ခဲ့ခြင်းဖြစ်သည်ဟုဆိုသည်။

ဧဝရက်တောင်ထိပ်သို့ တက်ရန် ကြိုးစားကြသူများအနက် သေဆုံးသူဦးရေမှာ ယခုအချိန်တွင် ၃၀၀ နီးပါးရှိပြီဖြစ်သည်။ ***အင်တာနက်။***

ထိုင်းနိုင်ငံ ပြည်နယ် ၄၂ခုတွင် မိုးခေါင်

ဗန်ကောက် မေ ၂၂

ထိုင်းနိုင်ငံရှိ ပြည်နယ် ၇၇ ခုအနက် ၄၂ ခုတွင် မိုးခေါင်မှုဒဏ်ကို ခံစားနေရသဖြင့် သဘာဝဘေးအန္တရာယ်ကျရောက်သည့် ဇုန်များအဖြစ် ဘေးအန္တရာယ်လျော့ပါးရေးနှင့် ကာကွယ်ရေးဌာနက မေ ၂၂ ရက်တွင် ကြေညာလိုက်ကြောင်း ဆင်ဟွာသတင်းတစ်ရပ်တွင် ဖော်ပြသည်။

ယင်းပြည်နယ် ၄၂ ခုရှိ အိမ်ထောင်စုပေါင်း ၁၀၀၀၀၀ ကျော်မှာ မိုးခေါင်မှုနှင့် ရင်ဆိုင်နေရကြောင်း၊ အများစုမှာ လယ်ယာလုပ်ငန်း လုပ်ကိုင်နေသူများဖြစ်ကြောင်း အဆိုပါဌာနညွှန်ကြားရေးမှူးချုပ် ဗီဘွန်ဆန်ဂူရမ်ဝေါင်းက ပြောကြားသည်။

ယခု မြေလကုန်ပိုင်းတွင် တရုတ်နိုင်ငံဘက်မှ ဝင်ရောက်လာမည့် လေအေးစိုင်များနှင့် ထိုင်းနိုင်ငံ၏ လေနွေးစိုင်များ တွေ့ဆုံရာမှ ထိုင်းနိုင်ငံတစ်ဝန်းတွင် မိုးရွာသွန်းမှုဖြစ်စဉ်များ ဖြစ်ပေါ်ကာ အခြေအနေ ပိုမိုတိုးတက်လာဖွယ်ရှိကြောင်း ထိုင်းနိုင်ငံ သဘာဝဘေးအန္တရာယ်လျော့ပါးရေးနှင့် ကာကွယ်ရေးဌာနမှ ခန့်မှန်းထားသည်။

ထိုင်းနိုင်ငံ၏ မိုးဥတုကာလမှာ မေလတွင် စတင်မည်ဖြစ်သည်။ ***အင်တာနက်။***

တရုတ်နှင့် ရုရှား ပူးတွဲစစ်ရေးလေ့ကျင့်မှုတွင်ပါဝင်သော စစ်သင်္ဘောတစ်စင်းကို တွေ့ရစဉ်။ *(ဓာတ်ပုံ-အင်တာနက်)*

ရုရှားနှင့် တရုတ် ရေတပ်ဖွဲ့များ ပထမဆုံးအကြိမ် ပူးတွဲစစ်ရေးလေ့ကျင့်

ပေကျင်း မေ ၂၂

ရုရှားနှင့် တရုတ်ရေတပ်များ၏ ခြောက်ရက်ကြာပူးတွဲစစ်ရေးလေ့ကျင့်မှုကို မေ ၂၂ ရက်တွင် တရုတ်နိုင်ငံအရှေ့ပိုင်း ပင်လယ်ဝါဒေသ၌ စတင်ပြုလုပ်ခဲ့ကြောင်း တရုတ်အစိုးရသတင်းမီဒီယာများက ဖော်ပြသည်။

အဆိုပါ စစ်ရေးလေ့ကျင့်မှု အစီအစဉ်တွင် ရေငုပ်သင်္ဘောတိုက်ဖျက်ရေး လေ့ကျင့်မှုနှင့် အပိုင်စီးခံရေယာဉ်များအား ကယ်တင်ရန် သဏ္ဌာန်တူလေ့ကျင့်မှုများလည်း ပါဝင်ကြောင်း သတင်းတွင်ဖော်ပြထားသည်။

တရုတ်နှင့်ရုရှားနိုင်ငံတို့၏ နှစ်နိုင်ငံရေတပ်များ ပူးတွဲစစ်ရေးလေ့ကျင့်မှုမှာ ယခုအကြိမ်သည် ပထမဆုံးအကြိမ်ဖြစ်သော်လည်း နှစ်နိုင်ငံပူးပေါင်းစစ်ရေးလေ့ကျင့်မှုများကို ၂၀၀၅ ခုနှစ်ကတည်းက ပြုလုပ်ခဲ့ရာ လေးကြိမ်တိုင် ရှိခဲ့ပြီဖြစ်သည်။

ရုရှားနှင့် တရုတ်ရေတပ်ဖွဲ့များ ပူးတွဲစစ်ရေးလေ့ကျင့်ခြင်း၏ ရည်ရွယ်ချက်မှာ ဒေသတွင်း၌ ငြိမ်းချမ်းရေးထိန်းသိမ်းရန်ဖြစ်သည်ဟု တရုတ်နိုင်ငံက မေ ၂၀ ရက်တွင် ပြောကြားခဲ့ပြီး ဝေဖန်ဆန်းစစ်သူအချို့က စစ်ရေးလေ့ကျင့်မှုမှာ ဒေသတွင်းအင်အားကြီးနှစ်နိုင်ငံ နီးကပ်စွာ ပူးပေါင်းဆောင်ရွက်မှုလက္ခဏာဖြစ်ကြောင်း ပြောကြားခဲ့သည်။

ယခုကျင်းပသော နှစ်နိုင်ငံရေတပ်စစ်ရေးလေ့ကျင့်မှုတွင် တရုတ်ရေတပ်ဖွဲ့ဝင် ၄၀၀၀ ခန့်နှင့် စစ်သင်္ဘော ၁၆ စင်းပါဝင်ခဲ့ပြီး ပဲ့ထိန်းဒုံးကျည်တင် ဖျက်သင်္ဘော ငါးစင်း၊ အပေ့ါစားစစ်သင်္ဘောငါးစင်း အပါအဝင် အခြားဒုံးကျည်တင်ရေယာဉ်ငယ်လေးစင်း၊ ထောက်ပံ့ရေး ရေယာဉ်နှင့် ဆေးရုံသင်္ဘောတစ်စင်းစီတို့ဖြစ်ကြောင်း သတင်းတွင် ဖော်ပြထားသည်။

ရုရှားရေတပ်ဖွဲ့တွင် စစ်ရေယာဉ်လေးစင်း ပါဝင်ပြီး သုံးစင်းမှာ ပဲ့ထိန်းဒုံးကျည်တင် စစ်သင်္ဘောကြီးများဖြစ်ပြီး ထောက်ပံ့ရေး ရေယာဉ်သုံးစင်းလည်း ပါဝင်သည်။ ***အင်တာနက်။***

ဖမ်းဆီးရမိသော အမေရိကန် ဒရုန်းလေယာဉ်နှင့်ပုံတူ အီရန်စစ်ဘက် တည်ဆောက်နေ

ဒူဘိုင်း မေ ၂၂

ကွန်ပျူတာဆော့ဖ်ဝဲဆိုင်ရာ လျှို့ဝှက်သင်္ကေတများ ဖျက်ဆီးခံရပြီးနောက် အီရန်တို့၏ သိမ်းယူမှုကို ခံခဲ့ရသည့် အမေရိကန်မောင်းသူမဲ့ ထောက်လှမ်းရေးလေယာဉ်နှင့်ပုံတူလေယာဉ်တစ်စင်းကို အီရန်စစ်ဘက်က တည်ဆောက်နေကြောင်း အီရန်သတင်းမီဒီယာများက မေ ၂၂ ရက်တွင် ဖော်ပြသည်။

ဖော်ထုတ်နေ

အီရန်အင်ဂျင်နီယာများက ယင်းမောင်းသူမဲ့လေယာဉ်၏ သတင်းအချက်အလက်များကို ဖော်ထုတ်နေသည်မှာ နောက်ဆုံးအဆင့်သို့ ရောက်ရှိနေပြီဖြစ်ကြောင်း အီရန်တော်လှန်ရေးအစောင့်တပ်ဖွဲ့ လေကြောင်းနှင့် အာကာသနည်းပညာဌာနခွဲအကြီးအကဲ ဗိုလ်ချုပ်အမီဟာ အလီဟာဂျီဇာဒါက ပြောကြားခဲ့သည်။

အဆိုပါ အမေရိကန် မောင်းသူမဲ့လေယာဉ်သည် ယမန်နှစ် ဒီဇင်ဘာလအတွင်းက အာဖဂန်နစ္စတန်နယ်စပ်အနီးရှိ အီရန်ပိုင်နက်အတွင်းသို့ ကျဆင်းခဲ့သည်ဟု မီဟာသတင်းဌာနက ဖော်ပြသည်။

ယင်း မောင်းသူမဲ့လေယာဉ်ကို ၎င်းတို့ပစ်ချခဲ့သည်ဟု အီရန်တို့က ပြောကြားသော်လည်း အမေရိကန်ကမူ မဟုတ်ကြောင်း ငြင်းဆိုခဲ့သည်။

အီရန်နိုင်ငံအနေဖြင့် ကာကွယ်ရေးနှင့် အင်ဂျင်နီယာပိုင်းဆိုင်ရာ အတတ်ပညာဖွံ့ဖြိုးတိုးတက်မှုများကို နှစ်စဉ်ထုတ်ပြန်ကြေညာလေ့ရှိသည်။ အချို့သောဝေဖန်ဆန်းစစ်လေ့လာသူများကမူ ယင်းသတင်းအချက်အလက်များအပေါ် အယုံအကြည် ကင်းမဲ့လျက်ရှိသည်။

အာရ်ကျူ-၁၇၀ အမျိုးအစား မောင်းသူမဲ့လေယာဉ်ကို အမေရိကန်က ၂၀၁၀ ခုနှစ်မှစတင်၍ အာဖဂန်နစ္စတန်နှင့် ပါကစ္စတန်နိုင်ငံများတွင် ကျယ်ကျယ်ပြန့်ပြန့် အသုံးပြုခဲ့သည်။ ***အင်တာနက်။***

ကိုလံဘိုမြို့၌ အစိုးရတပ်ဖွဲ့ ကင်းလှည့်နေစဉ်။ *(ဓာတ်ပုံ-အင်တာနက်)*

နယ်သာလန်နိုင်ငံ မြို့တော်အမ်စတာဒမ်တွင် ရထားချင်းတိုက်မိ၊ လူ ၁၃၀ ကျော် ဒဏ်ရာရ

အမ်စတာဒမ် မေ ၂၂

နယ်သာလန်နိုင်ငံ မြို့တော်အမ်စတာဒမ်တွင် မေ ၂၁ ရက်က ခရီးသည်တင်ရထားနှစ်စင်း ခေါင်းချင်းဆိုင်တိုက်မိရာ လူပေါင်း ၁၃၀ ခန့် ဒဏ်ရာရရှိကြောင်း မေ ၂၂ ရက် သတင်းတွင် ဖော်ပြသည်။

ဒန်အဲလ်ဒါဒေသမှ နီဂျီဂျန်ဒေသသို့ ခုတ်မောင်းသွားလာသော ခရီးသည်တင်ရထားနှင့် အမ်စတာဒမ်မှ အစ်ဂရက်သို့ ဦးတည်ခုတ်မောင်းသော ခရီးသည်တင်ရထားနှစ်စင်း မျက်နှာချင်းဆိုင်မောင်းနှင်မိရာမှ တိုက်မိကြရာ ရထားနှစ်စင်းစလုံး ပျက်စီးသွားကြောင်း သတင်းတွင်ပါရှိသည်။

ရထားချင်း တိုက်မိမှုကြောင့် ရထားနှစ်စင်းပေါ်မှ ခရီးသည် ၁၃၀ ခန့် ဒဏ်ရာများရရှိကြောင်း၊ ၁၁ ဦးကို အချိန်အတော်ကြာသည်အထိ ခက်ခက်ခဲခဲဆွဲထုတ်ရကြောင်း ကယ်ဆယ်ရေးအဖွဲ့က ဆင်ဟွာသတင်းဌာနသို့ ပြောကြားသည်။ ရှာဖွေရေးနှင့် ကယ်ဆယ်ရေးလုပ်ငန်းကို ဆက်လက်လုပ်ဆောင်လျက်ရှိသည်ဟု ဆိုသည်။

ဒဏ်ရာရရှိသော ခရီးသည်များအနက် ၅၆ဦးမှာ ဒဏ်ရာပြင်းထန်စွာရရှိပြီး ၁၃ ဦးမှာ အခြေအနေဆိုးကြောင်း၊ အများစုမှာ အရိုးများကျိုးခြင်းနှင့် ပွန်းပဲ့ဒဏ်ရာများရရှိခဲ့ကြောင်း၊ မတော်တဆမှုဖြစ်ပွားရသည့် အကြောင်းရင်းကို စုံစမ်းစစ်ဆေးလျက်ရှိကြောင်း သိရသည်။ ***ဆင်ဟွာ။***

အမ်စတာဒမ်မြို့၌ ရထားနှစ်စင်း ခေါင်းချင်းဆိုင်တိုက်မိစဉ်။ *(ဓာတ်ပုံ-အင်တာနက်)*

နိုင်ငံမြောက်ပိုင်းမှတပ်ဖွဲ့များရုပ်သိမ်းရန် သီရိလင်္ကာသမ္မတ ငြင်းဆို

ကိုလံဘို မေ ၂၂

လူနည်းစု တမီလ်လူမျိုးစုများနေထိုင်ရာ နိုင်ငံမြောက်ပိုင်း ယခင် ပြည်တွင်းစစ်ဖြစ်ပွားခဲ့သော စစ်နယ်မြေမှ အစိုးရတပ်ဖွဲ့များကို ရုပ်သိမ်းပေးရန် အိန္ဒိယလွှတ်တော်အမတ်များ၏ တောင်းဆိုချက်ကို သီရိလင်္ကာသမ္မတက ငြင်းဆိုခဲ့ကြောင်း ၎င်း၏ပြောရေးဆိုခွင့်ရှိသူက တနင်္ဂနွေနေ့တွင် ပြောကြားခဲ့သည်။

ဆယ်စုနှစ်နှင့်ချီ၍ ကြာမြင့်ခဲ့သည့် တမီလ်ခွဲထွက်ရေးစစ်ပွဲသည် ၂၀၀၉ ခုနှစ်တွင် အဆုံးသတ်နိုင်ခဲ့သော်လည်း အစိုးရတပ်ဖွဲ့များကို ရုပ်သိမ်းမည်မဟုတ်ကြောင်း အလည်အပတ်ရောက်ရှိနေသော အိန္ဒိယလွှတ်တော် အမတ်များအဖွဲ့ကို သမ္မတ မဟင်ဒရာရာဂျာပက်ဆာက ပြောခဲ့သည်။

အစိုးရတပ်ဖွဲ့များကို တမီလ်လူမျိုးစုတို့ကြီးစိုးရာ နိုင်ငံမြောက်ပိုင်းတစ်ခုတည်းသာမဟုတ် တစ်နိုင်ငံလုံး အနှံ့အပြားတွင် ဖြန့်ကြက်ထားကြောင်း သမ္မတက ရှင်းလင်းပြောကြားခဲ့ကြောင်း ပြောရေးဆိုခွင့်ရှိသူ ဗန္ဓုလဂျယာစေးကီးရာက အေအက်ဖ်ပီသို့ ပြောသည်။

ယခုလာရောက်သော လွှတ်တော်အမတ်များ ကိုယ်စားလှယ်အဖွဲ့သည် သီရိလင်္ကာ ပြည်တွင်းစစ်ပြီးဆုံးပြီးနောက် ပထမဆုံးလာရောက်ခဲ့သည့် အိန္ဒိယကိုယ်စားလှယ်အဖွဲ့ ဖြစ်သည်။

တမီလ်ကျားသူပုန်များကို အစိုးရက နှိမ်နင်းသည့် ယင်းစစ်ပွဲအတွင်း ပြည်သူ ၁၀၀၀၀၀ ကျော် သေဆုံးခဲ့ရသည်။

အိန္ဒိယအတိုက်အခံခေါင်းဆောင် ဆူမာဆွာရေ့ဂျ်နှင့်အဖွဲ့သည် သမ္မတ ရာဂျာပက်ဆာနှင့် မေ ၂၁ ရက်တွင် တွေ့ဆုံခဲ့သည်။

အိန္ဒိယကိုယ်စားလှယ်အဖွဲ့တွင် တမီလ်နာဒူးပြည်နယ်မှ ကိုယ်စား လှယ်များပါဝင်သည်။ ယင်းပြည်နယ်၌ နေထိုင်ကြသော သန်း ၆၀ မျှသော ပြည်သူများသည် သီရိလင်္ကာနိုင်ငံမှ တမီလ်လူမျိုးများနှင့် ယဉ်ကျေးမှုအရလည်းကောင်း၊ ဘာသာရေးအရလည်းကောင်း ဆက်နွှယ်မှုရှိနေသည်။ ***အင်တာနက်။***

အမေရိကန် ပဲနိပြားတစ်ပြား ဒေါ်လာတစ်သန်းခွဲဖြင့် လေလံဆွဲဝယ်ယူ

ဝါရှင်တန် မေ ၂၂

အမေရိကန်ပြည်ထောင်စု ဒင်္ဂါးစက်ရုံမှ ပထမဆုံးထုတ်လုပ်ခဲ့သည့် ပဲနိပြားများအနက်မှ တစ်ပြားကို လေလံတင်ရောင်းချရာ ဒေါ်လာတစ်သန်းကျော် ရရှိခဲ့ကြောင်း သတင်းများတွင် ဖော်ပြထားသည်။

မေ ၁၉ ရက်တွင် ပြုလုပ်သော ရှေးဟောင်းပစ္စည်းလေလံပွဲ၌ ၁၇၉၂ ခုနှစ်ထုတ် အလယ်တွင် ငွေသတ္တုပါဝင်သော ပဲနိပြားကို ဈေးပြိုင်ပေးခဲ့ကြရာ အမေရိကန်ဒေါ်လာ ၁ ဒသမ ၅ သန်းဖြင့် လေလံအောင်မြင်သွားခဲ့သည်။

အမေရိကန်ပြည်ထောင်စု ဒင်္ဂါးထုတ်လုပ်ရေးစက်ရုံကို ၁၇၉၂ ခုနှစ် ဧပြီလတွင် တည်ထောင်ခဲ့သည်။ ***အင်တာနက်။***

ညွှန်ကြားချက်ရပါက အီရန်ကို တိုက်ရန် အစ္စရေးတပ်ဖွဲ့များ အသင့်အနေအထားရှိ

ဂျေရုဆလင် ဧပြီ ၂၂

အစ္စရေးတပ်ဖွဲ့များသည် နိုင်ငံနယ်နိမိတ်ပြင်ပ၌ အထူးစစ်ဆင်ရေးလုပ်ငန်းများကို လုပ်ဆောင်လျက်ရှိပြီး ညွှန်ကြားချက်ရရှိပါက အီရန်နျူကလီးယား အဆောက်အအုံများအာ ထိုးစစ်ဆင်ရန် အသင့်ရှိနေလိမ့်မည်ဖြစ်ကြောင်း အစ္စရေးလက်နက်ကိုင်တပ်ဖွဲ့များ စစ်ဦးစီးချုပ်က တနင်္ဂနွေနေ့တွင် ပြောကြားသည်။

အီရန်၏ နျူကလီးယားလက်နက်ဆိုင်ရာ စီမံကိန်းများကို တားဆီးရန် ၂၀၁၂ ခုနှစ် သည် အစ္စရေးနှင့် နိုင်ငံတကာ အသိုက်အဝန်းအတွက် အရေးကြီးသောနှစ်ဖြစ်ကြောင်း အစ္စရေးစစ်ဦးချုပ် ဘင်နီတန့်ဇ်က ပြောကြားခဲ့သည်။

အီရန် နျူကလီးယားအစီအစဉ်များကို အစ္စရေးနိုင်ငံသာမက နိုင်ငံတကာအနေဖြင့်လည်း တားဆီးသွားရန် လိုအပ်ကြောင်း၊ ယင်းသို့ တားဆီးနိုင်ရန်လည်း မိမိတို့ အစီအစဉ်ရေးဆွဲနေကြောင်း အစ္စရေးစစ်ဦးစီးချုပ်က ဆိုသည်။

အစ္စရေးစစ်ဦးစီးချုပ်၏ အဆိုအရ အစ္စရေးလက်နက်ကိုင်တပ်ဖွဲ့များသည် အီရန်နျူကလီးယားအစီအစဉ်များကို မူအားဖြင့် တားဆီးသွားရန် အသင့်ရှိကြောင်းသိရသည်။

ပြည်ပနိုင်ငံများရှိ အစ္စရေးတပ်ဖွဲ့များ၏ အထူးစစ်ဆင်ရေးလုပ်ငန်းများကို အရေအတွက် တိုးမြှင့်ထားကြောင်း အစ္စရေးစစ်ဦးစီးချုပ်က ပြောကြားခဲ့သော်လည်း အသေးစိတ်ကို ထုတ်ဖော်ပြောကြားခြင်းမရှိခဲ့ပေ။

အငြင်းပွားဖွယ် အီရန်နျူကလီးယားအစီအစဉ်များအား တားဆီးရေးအတွက် စစ်ရေးနည်းလမ်း အသုံးပြုရန် အချိန်မကျသေးဘဲ ယင်းနိုင်ငံအပေါ် နိုင်ငံတကာ၏ အရေးယူပိတ်ဆို့မှုများ အကျိုးသက်ရောက်မှု ရှိ၊ မရှိ စောင့်ကြည့်ရန်လိုကြောင်း အမေရိကန်ပြည်ထောင်စုက ပြောကြားသည်။

အီရန်သည်သာ နျူကလီးယားလက်နက်ပိုင်ဆိုင်လာပါက အစ္စရေး၏ နိုင်ငံတစ်နိုင်ငံအဖြစ် ရပ်တည်နိုင်ရေးကို ခြိမ်းခြောက်လာနိုင်ကြောင်း အစ္စရေးနိုင်ငံက ရှုမြင်ထားသည်။

အင်တာနက်။

တိရစ္ဆာန်ရုံပိုင်ရှင် မိုဟာမက်အဝီဒါနှင့် ရုပ်လုံးသွင်းတိရစ္ဆာန်တစ်ကောင်ကို တွေ့ရစဉ်။

ဂါဇာဒေသ တိရစ္ဆာန်ရုံ၌ ရုပ်လုံးသွင်း တိရစ္ဆာန်အသေများနှင့် သက်ရှိတိရစ္ဆာန်များ ယှဉ်တွဲပြသထားရ

ဂါဇာစီးတီး ဧပြီ ၂၂

တိရစ္ဆာန်များသည်လည်း နောင်ဘဝရှိကြောင်း သက်သေပြရမည်ဆိုလျှင် ဂါဇာကမ်းမြောင်ဒေသရှိ ရန်ပုံငွေချို့တဲ့သော ခန်ယူနစ်မြို့ရှိ တိရစ္ဆာန်ရုံကို ပြသရမည်ဖြစ်သည်။

အကူအညီ အထောက်အပံ့ကင်းမဲ့မှုကြောင့် ဆောက်သ်ဖောရက်ခ်အမည်ရှိ တိရစ္ဆာန်ရုံသည် အင်တာနက်မှ ရရှိသော နည်းပညာများ အသုံးပြုကာ သေဆုံးခဲ့သည့် တိရစ္ဆာန်များအား ရုပ်လုံးသွင်း၍ သက်ရှိတိရစ္ဆာန်များနှင့် ယှဉ်တွဲပြသထားရကြောင်း ဧပြီ ၂၁ ရက်သတင်းများတွင် ဖော်ပြထားသည်။

တိရစ္ဆာန်များအား ထိန်းသိမ်းစောင့်ရှောက်မှုဆိုင်ရာ အတွေ့အကြုံနည်းပါးမှုကြောင့် လည်းကောင်း၊ ရောဂါဝေဒနာ၊ ငတ်မွတ်မှု စသည့် အကြောင်းတရားများကြောင့် လည်းကောင်း တိရစ္ဆာန်များ သေဆုံးကာ ကောင်ရေကျဆင်းခဲ့ချိန်တွင် မည်သို့လုပ်ဆောင်ရမည်ကို တွေးဆမရခဲ့ကြောင်း တိရစ္ဆာန်ရုံပိုင်ရှင် မိုဟာမက်အဝီဒါက ပြောကြားခဲ့သည်။

ယင်းအပြင် ငွေကြေးချို့တဲ့မှုကြောင့်လည်း သေဆုံးခဲ့သော တိရစ္ဆာန်များကို အစားထိုးပြသနိုင်ခဲ့ခြင်းမရှိကြောင်း ၎င်းက ဆိုသည်။

ခြင်္သေ့၊ ကျား၊ မျောက်နှင့် မိကျောင်းစသော သတ္တဝါအများအပြားသေဆုံးခဲ့ရခြင်းကြောင့် သေဆုံးခဲ့ရသည့် တိရစ္ဆာန်များကို ရုပ်လုံးသွင်း၍ ဆက်လက်ပြသမည့် အကြံအစည်အား ဂါဇာကမ်းမြောင်စစ်ပွဲအပြီးကာလတွင်စတင် အကောင်အထည်ဖော်ခဲ့ရကြောင်း မိုဟာမက်အဝီဒါ၏ အဆိုအရ သိရသည်။

ခန်ယူနစ်တိရစ္ဆာန်ရုံသည် ဂါဇာကမ်းမြောင်ဒေသတောင်ပိုင်းရှိ လူဦးရေ ၂၀၀၀၀၀ နေထိုင်သော ခန်ယူနစ်မြို့၏ အပန်းဖြေရာနေရာအနည်းငယ်အနက် တစ်နေရာဖြစ်သည်။

ဆောက်သ်ဖောရက်စ် တိရစ္ဆာန်ဥယျာဉ်ကို ၂၀၀၇ ခုနှစ်တွင် စတင်ဖွင့်လှစ်ခဲ့ကြောင်း၊ သို့ရာတွင် ၂၀၀၈ ခုနှစ် ဒီဇင်ဘာလတွင် စတင်ခဲ့သော အစ္စရေးစစ်ဘက်၏ ဂါဇာထိုးစစ်ကာလအတွင်း တိရစ္ဆာန်များမှာ စောင့်ရှောက်မည့်သူ ကင်းမဲ့ခြင်းနှင့် အစာရေစာငတ်မွတ်ခြင်းတို့ကြောင့် သေဆုံးခဲ့ကာ ကောင်ရေကျဆင်းခဲ့ရကြောင်း သိရသည်။ ***အင်တာနက်။***

အမေရိကန်နှင့် အာဖဂန်အကြား လုံခြုံရေးဆိုင်ရာ သဘောတူညီချက် အပြီးသတ်ရေးဆွဲနိုင်

ကဘူး ဧပြီ ၂၂

၂၀၁၄ ခုနှစ်တွင် အမေရိကန်တပ်ဖွဲ့များ ရုပ်သိမ်းပြီးနောက် နှစ်နိုင်ငံအကြား ဆက်ဆံရေးအတွက် အခြေခံမူဘောင်ဖြစ်လာမည့် လုံခြုံရေးဆိုင်ရာ သဘောတူညီချက်မူကြမ်းကို တနင်္ဂနွေနေ့တွင် အပြီးသတ်ရေးဆွဲနိုင်ခဲ့ကြောင်း အမေရိကန်နှင့် အာဖဂန်တာဝန်ရှိသူများက ပြောကြားသည်။

အဆိုပါသဘောတူညီချက်မူကြမ်းကို သဘောတူညီမှုရရှိရေးအတွက် အာဖဂန်ပါလီမန်နှင့် သမ္မတ ဟာမစ်ကာဇိုင်းတို့ထံ တင်ပြမည်ဖြစ်ကြောင်း သိရသည်။

အမေရိကန်သမ္မတ ဘာရက်ခ်အိုဘားမား လက်မှတ်ရေးထိုးပေးမည့် အဆိုပါသဘောတူညီချက်သည် အမေရိကန်တပ်ဖွဲ့များ ၂၀၁၄ ခုနှစ်တွင် ရုပ်သိမ်းပြီးနောက် ၁၀ နှစ်တာကာလအတွက် အာဖဂန်နစ္စတန်ကို အမေရိကန်နိုင်ငံက ထောက်ပံ့မှုများ ပေးအပ်ပါရန် ကမ်းလှမ်းထားသည်။ ***အင်တာနက်။***

အိန္ဒိယနိုင်ငံ အမ်ရစ်ဆာမြို့မှ ၅၇ ကီလိုမီတာ ဝေးကွာသော လယ်ယာလုပ်ငန်းခွင်တစ်ခု၌ လက်ဖက်ရည်သောက်သုံးနေကြသည့် အိန္ဒိယ လယ်သမားများကို တွေ့ရစဉ်။
(ဓာတ်ပုံ-အင်တာနက်)

လက်ဖက်ရည်ကို အမျိုးသားအမွေအနှစ်အာဟာရအဖြစ် အိန္ဒိယကြေညာမည်

ဒေလီ ဧပြီ ၂၂

ဗြိတိသျှကိုလိုနီခေတ်ကာလ ၁၈၅၇ ခုနှစ် သူပုန်ထမှုအတွင်း ပါဝင်ခဲ့ခြင်းကြောင့် ကြိုးပေးအသတ်ခံခဲ့ရသော အိန္ဒိယနိုင်ငံသား စွန့်ဦးလက်ဖက်စိုက်ပျိုးသူတစ်ဦးအား ဂုဏ်ပြုရန် လက်ဖက်ရည်ကို အမျိုးသားအမွေအနှစ် အာဟာရအဖြစ် အိန္ဒိယနိုင်ငံက ကြေညာမည်ဖြစ်ကြောင်း ဧပြီ ၂၁ ရက် သတင်းများတွင် ဖော်ပြထားသည်။

လက်ဖက်ရည်အား အမျိုးသားအမွေအနှစ် အာဟာရအဖြစ် သတ်မှတ်ရေးဆုံးဖြတ်ချက်ကို အာသံပြည်နယ်သို့ အလည်အပတ် ရောက်ရှိစဉ်အတွင်း အိန္ဒိယနိုင်ငံ စီမံချက်များဆိုင်ရာ ကော်မရှင်မှ တာဝန်ရှိသူတစ်ဦးက ကြေညာခဲ့သည်။

အိန္ဒိယနိုင်ငံအရှေ့မြောက်ပိုင်း ဘူတန်၊ ဘင်္ဂလားဒေ့ရှ်နိုင်ငံများနှင့် နယ်နိမိတ်ချင်း ထိစပ်လျက်ရှိသော အာသံပြည်နယ်သည် လက်ဖက်ကို အဓိကစိုက်ပျိုးထုတ်လုပ်သည့် ပြည်နယ်ဖြစ်သည်။

ဆီပွိုင်းသူပုန်ထမှုဟူ၍ ရံဖန်ရံခါ ညွှန်းဆိုလေ့ရှိသော ၁၈၅၇ ခုနှစ် သူပုန်ထမှုအတွင်း ပါဝင်ခဲ့ခြင်းကြောင့် ကြိုးပေးအသတ်ခံခဲ့ရသူ မနာရမ်းဒီဝန်သည် အာသံပြည်နယ်သားဖြစ်ပြီး စီးပွားဖြစ် လက်ဖက်စိုက်ပျိုးရေးလုပ်ငန်းကို အာသံပြည်နယ်၌ ပထမဆုံးစတင်ခဲ့သူဖြစ်သည်။

၁၈၅၇ ခုနှစ် ဆီပွိုင်းသူပုန်ထမှုသည် နယူးဒေလီမြို့တော်အနီးရှိ မီးရပ်မြို့၌ စတင်ဖြစ်ပွားခဲ့ပြီး အိန္ဒိယနိုင်ငံမြောက်ပိုင်းဒေသ တစ်ဝန်းပျံ့နှံ့ဖြစ်ပွားခဲ့သည်။

ယင်းသူပုန်ထမှုကို ဗြိတိသျှအုပ်စိုးသူများက ရက်စက်ကြမ်းကြုတ်စွာ ဖိနှိပ်ခဲ့ရာ အိန္ဒိယစစ်သားနှင့် ပြည်သူအများအပြား သေဆုံးခဲ့ရသည်။

ဆီပွိုင်းသူပုန်ထမှု၌ ခေါင်းဆောင်တစ်ဦးအဖြစ် ပါဝင်ခဲ့သူ မနာရမ်းဒီဝန်၏ ၂၁၂ နှစ်မြောက်မွေးနေ့နှင့် တိုက်ဆိုင်နေသော လာမည့်နှစ် ဧပြီ ၁၇ ရက်တွင် လက်ဖက်ရည်ကို အမျိုးသားအမွေအနှစ် အာဟာရအဖြစ် သတ်မှတ်မည်ဖြစ်ကြောင်း အိန္ဒိယ စီမံချက်များဆိုင်ရာ ကော်မရှင်က ပြောကြားခဲ့သည်။

အိန္ဒိယနိုင်ငံ၌ လက်ဖက်ရည်ကို နို့နှင့် သကြားရောစပ်ကာ တည်ခင်းလေ့ရှိပြီး ရံဖန်ရံခါဖာလာစေ့ခတ်၍ ရနံ့ထည့်သွင်းကာ သောက်သုံးတတ်ကြသည်။

အင်တာနက်။

မြေပြင်နှင့် အဆက်အသွယ်ပြတ်ခဲ့သောဂြိုဟ်တုကို အခြားဂြိုဟ်တုတစ်စင်းက ထောက်လှမ်းတွေ့ရှိ

ပါရီ ဧပြီ ၂၂

ကမ္ဘာမြေပြင်နှင့် ထူးဆန်းစွာ အဆက်အသွယ် ပြတ်တောက်ခဲ့သော ကျောင်းဘတ်စ်ကားတစ်စီး အရွယ်အစားရှိ ဂြိုဟ်တုတစ်စင်းကို အခြားဂြိုဟ်တုတစ်စင်းက ကမ္ဘာပတ်လမ်းကြောင်းအတွင်း ထောက်လှမ်းတွေ့ရှိခဲ့ကြောင်း ဧပြီ ၂၀ ရက်က သတင်းများတွင် ဖော်ပြထားသည်။

အင်ဗီဆက်အမည်ရှိ အဆိုပါဂြိုဟ်တုသည် ကမ္ဘာ့အကြီးဆုံး အရပ်ဘက်သုံးဂြိုဟ်တုဖြစ်ပြီး ပြင်သစ်အာကာသယာဉ် တစ်စင်းက ယင်းဂြိုဟ်တုကို ထောက်လှမ်းတွေ့ရှိခဲ့ပြီး ဓာတ်ပုံရိုက်ကူးနိုင်ခြင်းဖြစ်ကြောင်း သိရသည်။

ပြင်သစ်အာကာသယာဉ်မှ ပေးပို့ခဲ့သော ဓာတ်ပုံများအရ အမေရိကန်ဒေါ်လာ ၂ ဒသမ ၆ ဘီလီယံတန်ဖိုးရှိ အင်ဗီဆက်ဂြိုဟ်တုသည် အကောင်းပကတိအတိုင်း ကျန်ရှိနေဆဲဖြစ်ကြောင်း သိရသည်။

ဥရောပအာကာသ အေဂျင်စီ (အီးအက်စ်အေ) က ၂၀၀၂ ခုနှစ်တွင် လွှတ်တင်ခဲ့သော အင်ဗီဆက်ဂြိုဟ်တု**(အပေါ်ပုံ)**သည် အလေးချိန် ၁၇၆၀၀ ပေါင်ရှိပြီး အလျား ပေ ၃၀ ရှိ၍ အနံ ၁၆ ပေ ရှိသည်။ ယင်းသို့ တိုင်းတာရာတွင် စွမ်းအင်ရယူရေးအတွက် တပ်ဆင်ထားသော ဆိုလာပြားများကို ထည့်သွင်းတိုင်းတာထားခြင်းမရှိပေ။

သက်တမ်း ၁၀ နှစ်ရှိပြီဖြစ်သည့် အင်ဗီဆက်ဂြိုဟ်တုသည် ဧပြီ ၈ ရက်နေ့တွင် ကမ္ဘာမြေနှင့် အဆက်အသွယ် ပြတ်တောက်ခဲ့ရကြောင်း ဥရောပအာကာသအေဂျင်စီက ပြောကြားသည်။

အင်တာနက်။

ကော့စတာကွန်ကော့ဒီးယား ခရီးသည်တင်သင်္ဘော ဆယ်ယူရေးလုပ်ငန်း မေလတွင် စမည်

ဂျီနိုအာ ဧပြီ ၂၂

အီတလီနိုင်ငံ ဂျီဂလီယိုကျွန်း ကမ်းလွန်ရေပြင်အတွင်း ကျောက်ဆောင်များနှင့်တိုက်မိ၍ တိမ်းမှောက်ပျက်စီးခဲ့ရသော ကော့စတာကွန်ကော့ဒီးယား အမည်ရှိ ခရီးသည်တင်ဇိမ်ခံသင်္ဘောကို ရေပေါ်သို့ ပြန်ဖော်ယူ၍ အီတလီဆိပ်ကမ်းတစ်ခုသို့ ဆွဲယူသွားမည်ဖြစ်ကြောင်း ဧပြီ ၂၂ ရက် သတင်းများတွင် ဖော်ပြထားသည်။

ကော့စတာ ကွန်ကော့ဒီးယား ခရီးသည်တင်သင်္ဘောအား ရေမျက်နှာပြင်ပေါ်ပြန်ဖော်ရေးလုပ်ငန်းကို မေလတွင် စတင်မည်ဖြစ်ပြီး တစ်နှစ်မျှ အချိန်ယူရမည်ဖြစ်ကြောင်း ယင်းသင်္ဘောကို ပိုင်ဆိုင်သော ကုမ္ပဏီက ဧပြီ ၂၁ ရက်တွင် ပြောကြားသည်။

သင်္ဘောပျက် ဖယ်ရှားရေးလုပ်ငန်းကို အမေရိကန်ပြည်ထောင်စု ဖလော်ရီဒါပြည်နယ်အခြေစိုက် တိုက်တန်အမည်ရှိ သင်္ဘောပျက်ဆယ်ယူရေးကုမ္ပဏီနှင့် မီကိုပီရီအမည်ရှိ အီတလီကုမ္ပဏီတစ်ခုတို့ပူးပေါင်း လုပ်ဆောင်သွားမည်ဖြစ်သည်။

ကော့စတာ ကွန်ကော့ဒီးယား ခရီးသည်တင် ဇိမ်ခံသင်္ဘောသည် ယခုနှစ်ဇန်နဝါရီ ၁၃ ရက်တွင် ဂျီဂလီယိုကျွန်း ကမ်းလွန်ရေပြင်တွင် တိမ်းမှောက်နစ်မြုပ်ခဲ့ခြင်းဖြစ်ပြီး စုစုပေါင်းလူ ၃၂ ဦး သေဆုံးခဲ့ရသည်။

အီတလီနိုင်ငံ ဂျီနိုအာမြို့အခြေစိုက် ကော့စတာကုမ္ပဏီက ပိုင်ဆိုင်သော ယင်းသင်္ဘော ကျောက်ဆောင်များနှင့်တိုက်မိ၍ တိမ်းမှောက်ခဲ့ချိန်တွင် ခရီးသည် ၃၂၀၀ ခန့်နှင့် သင်္ဘောအမှုထမ်း ၁၀၀၀ တို့ကို တင်ဆောင်ထားသည်။

အင်တာနက်။

ဂျီဂလီယိုကျွန်း ကမ်းလွန်ရေပြင်အတွင်း တိမ်းမှောက်ခဲ့သော ကော့စတာ ကွန်ကော့ဒီးယားအမည်ရှိ ခရီးသည်တင်ဇိမ်ခံသင်္ဘော။

ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်စိုး အလုံဓာတ်အားပေးစက်ရုံနှင့် အလုံပင်မဓာတ်အားခွဲရုံတို့ကို ကြည့်ရှုစစ်ဆေး

ရန်ကုန် ဧပြီ ၂၂

အမှတ်(၂) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်စိုးသည် ယနေ့နံနက် ၁၀ နာရီ ၁၅ မိနစ်တွင် ရန်ကုန်မြို့ အလုံမြို့နယ် ကမ်းနားလမ်းရှိ မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း အလုံဓာတ်အားပေးစက်ရုံ ဓာတ်အားထိန်းချုပ်ခန်းနှင့် Gas Turbine စက်သုံးလုံး စွမ်းအားပြည့် မောင်းနှင်လည်ပတ်နေမှုများကို ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် အလုံပင်မဓာတ်အားခွဲရုံသို့သွားရောက်ပြီး Control Panel များမှ ဓာတ်အားလက်ခံရရှိမှု၊ ဖီဒါများအလိုက် ဓာတ်အားဖြန့်ဖြူးမှု၊ ဓာတ်အားလိုင်းများ အဝင်/အထွက် ချိတ်ဆက်သွယ်တန်းထားမှု၊ ၂၃၀/၆၆/၁၁ ကေဗွီ ၁၀၀ အမ်ဗွီအေ ထရန်စဖော်မာ အမှတ်(၁)နှင့်(၂) ဓာတ်အားလက်ခံရရှိမှုနှင့် ကြံ့ခိုင်မှုတို့ကို ကြည့်ရှုစစ်ဆေးသည်။

ပြည်ထောင်စုဝန်ကြီးသည် နံနက် ၁၁ နာရီတွင် ရန်ကုန်မြို့တော် လျှပ်စစ်ဓာတ်အားပေးရေးအဖွဲ့ရုံးချုပ် အစည်းအဝေးခန်းမ၌ ရန်ကုန်မြို့တော် လျှပ်စစ်ဓာတ်အားပေးရေးအဖွဲ့ဥက္ကဋ္ဌနှင့် ဌာနကြီးမှူးများ၊ ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ ခရိုင်အုပ်ချုပ်ရေးမှူးများ၊ ခရိုင်လျှပ်စစ်အင်ဂျင်နီယာများ၊ ဓာတ်အားပေးစက်ရုံမှူးများ၊ ရန်ကုန်၊ ပဲခူးနှင့် ဧရာဝတီတိုင်းဒေသကြီးတို့အတွင်းရှိ ဓာတ်အားခွဲရုံများမှ ဓာတ်အားခွဲရုံမှူးများ၊ တာဝန်ရှိသူများနှင့် တွေ့ဆုံပြီး ပြည်သူများ လျှပ်စစ်မီးအပြည့်အဝသုံးစွဲနိုင်ရေး ဆောင်ရွက်ပေးရန်လိုအပ်ရာ မသမာမှုများ မပေါ်ပေါက်စေရေးအတွက် ဓာတ်အားခွဲရုံမှူးများအနေဖြင့် ကြပ်မတ်ဆောင်ရွက်ရန် လိုအပ်ကြောင်း၊ လျှပ်စစ်ဓာတ်အားဖြန့်ဖြူးပေးရာတွင်လည်း သတ်မှတ်ထားသည့်အတိုင်း စနစ်တကျဖြန့်ဖြူးပေးရန်လိုအပ်ကြောင်း၊ ခွဲရုံမှူးများအနေဖြင့် လက်ရှိဓာတ်အားသုံးစွဲမှုနှင့် ဓာတ်အားခွဲဝေမှုအခြေအနေကို မျက်ခြည်မပြတ်စောင့်ကြည့်ပြီး တာဝန်ရှိသူအဆင့်ဆင့်ကလည်း အောက်ခြေအထိ ဆင်း၍ ကြပ်မတ်စစ်ဆေးသွားရန် လိုအပ်ကြောင်း မှာကြားသည်။

ထို့နောက် မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း ဓာတ်အားစနစ်ဌာန အင်ဂျင်နီယာချုပ် ဒေါက်တာထွန်းနိုင်နှင့် ဓာတ်အားခွဲရုံမှူးများက ဓာတ်အားခွဲရုံများအခြေအနေ၊ ဓာတ်အားလက်ခံရရှိမှုနှင့် ဖြန့်ဖြူးမှုများကို ရှင်းလင်းတင်ပြကြရာ ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များ ညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)



အမှတ်(၂) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်စိုး ရန်ကုန်မြို့ အလုံမြို့နယ် ကမ်းနားလမ်းရှိ မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း အလုံဓာတ်အားပေးစက်ရုံတွင် ကြည့်ရှုစစ်ဆေးစဉ်။

(သတင်းစဉ်)

မတ် ၂၈ ရက်က ကလောမြို့ GREEN HAVEN HOTEL ၌ ကျင်းပသည့် ရန်ကုန်မြို့ လသာမြို့နယ် စာသင်ဝိုင်းများမှ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများ စုပေါင်း၍ နွေရာသီရေရှားပါးမှု အထောက်အကူပြုနိုင်ရန် ငွေကျပ် ၁၀ သိန်း လှူဒါန်းပွဲတွင် NGO အဖွဲ့ဖြစ်သည့် ကလောမြို့ ရေရရှိရေးကော်မတီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးသန်းလွင်(ငြိမ်း)က နွေရာသီရေရှားပါးမှုနှင့် ရေရရှိရေးဆောင်ရွက်မှုအကြောင်း ရှင်းလင်းပြောကြားစဉ်။

(၂၃၄)

သက်ကြီးပူဇော်ပွဲနှင့် ပရိတ်ရွတ်ပွဲများ ကျင်းပ

ရန်ကုန် ဧပြီ ၂၂

ဧပြီ ၁၇ ရက် (မြန်မာနှစ်ဆန်း ၁ ရက်နေ့) နေ့ထူးနေ့မြတ် မင်္ဂလာအခမ်းအနားကို အင်းစိန်မြို့နယ်အတွင်း ရပ်ကွက်များ၊ လမ်းများအလိုက် ကျင်းပခဲ့ကြသည်။

ယင်းတို့အနက် ပိန္နဲကုန်း မြို့သစ် (က+ခ)၊ မြို့သစ် (ဂ)ရပ်ကွက်များတွင် သီးခြားစီ ပြုလုပ်ကြရာ ပိန္နဲကုန်းရပ်ကွက်ရှိ ဘုန်းတော်ကြီးကျောင်းများမှ ဆရာတော်များအား ပင့်လျှောက်ကာ (၁၅) လမ်းအတွင်း အန္တရာယ်ကင်း ပရိတ်တရားနာခြင်းများကို လည်းကောင်း၊ မြို့သစ်(က+ခ)ရပ်ကွက် လမ်း (၂၀) အတွင်းရှိ လမ်းများတွင် လမ်းသူ လမ်းသားများက သံဃာတော်များကို နံနက်ပိုင်းတွင် ဆွမ်းဆက်ကပ်ခြင်းများ၊ စတုဒိသာများ ကျွေးမွေး၍ ညနေပိုင်းတွင် အန္တရာယ်ကင်း ပရိတ်တရားနာခြင်းများ၊ က-၂ လမ်း၊ က-၄ လမ်း၊က-၆ လမ်း၊ ခ-၆ လမ်း လမ်း လေးလမ်းစုပေါင်း၍ သက်ကြီးဘိုးဘွား (၇၅)နှစ်အထက် အဘိုးအဘွား ၇၈ ဦးတို့အား သက်ကြီးပူဇော်ပွဲများကို စည်ကားသိုက်မြိုက်စွာ ကျင်းပခဲ့ကြသည်။

ယင်းနောက် မြို့သစ် (ဂ)ရပ်ကွက်တွင် လမ်း(၁၃)လမ်းရှိရာ နံနက်ပိုင်းတွင် ရပ်ကွက်အုပ်ချုပ်ရေးမှူး၊ ရာအိမ်မှူး၊ ဆယ်အိမ်မှူးနှင့် လမ်းသူ လမ်းသားများ စုပေါင်း၍ သံဃာတော်များကို ဆွမ်းဆက်ကပ်ခြင်း၊ နိဗ္ဗာန်ဈေးပွဲတော်များ ပြုလုပ်၍ လည်းကောင်း၊ စတုဒိသာများ ကျွေးမွေးခြင်းဖြင့် လည်းကောင်း၊ ညနေပိုင်းတွင် ဆရာတော်များ ပင့်လျှောက်ကာ အန္တရာယ်ကင်း ပရိတ်တရားတော် ရွတ်ဖတ်နာကြားခြင်းများကို လည်းကောင်း၊ ပိတောက်လမ်းမ၊ ကံ့ကော် (၁)လမ်း၊ ရဲကျော် (၂)လမ်းနှင့် အင်ကြင်းလမ်းသွယ် လမ်းလေးလမ်း စုပေါင်း၍ အသက် (၇၅)နှစ်အထက် အဘိုးအဘွား ၃၈ ဦးတို့အား ကန်တော့ပစ္စည်းများနှင့် ကန်တော့ငွေများ လှူဒါန်းခဲ့ကြကြောင်း သိရသည်။ (၆၈၄)

မြို့သစ် (က+ခ)၊ မြို့သစ် (ဂ)ရပ်ကွက်ရှိ အသက် (၇၅)နှစ်အထက် ဘိုးဘွားတို့အား ကန်တော့ပစ္စည်းများ၊ ငွေများ လှူဒါန်းသည့် သက်ကြီးပူဇော်ပွဲများ ပြုလုပ်ကြစဉ်။

(၆၈၄)

မီးဖိုမီးကြွင်းအား သတိပြုရန်

(က) သင့်ရဲ့အိမ်မှာ မီးဖိုမီးကြွင်းမှ တစ်ဆင့် မီးလောင်မှုများ ဖြစ်ပွားတတ်သဖြင့် မီးဖိုများ သုံးစွဲပြီးပါက မီးငြိမ်းသတ်ခြင်းကို မမေ့မလျော့ဘဲ ပြုလုပ်ရန်။

(ခ) သင့်မိသားစုဝင်အားလုံး အပြင်သွားမည်ဆိုပါက သုံးစွဲနေသော လျှပ်စစ်ပစ္စည်းများ ရှိပါက မီးကိုပိတ်၊ ပလပ်ကို ဖြုတ်၊ မိန်းခလုတ် (Main Switch) တို့ကို ချထားပြီးမှ အပြင်သွားခြင်းကို သတိထားပြီး အလေ့အကျင့်ပြုလုပ်ပါ။

(ဂ) မီးဖိုမီးကြွင်းမီးကျန်များကို မေ့လျော့ပေါ့ဆစွာ မငြိမ်းသတ်ထားခြင်းနှင့် အိမ်တွင် လူစောင့်မထားဘဲ တစ်အိမ်လုံး အပြင်သို့သွားစဉ် မီးအားမြှင့်စက်နှင့် မိန်းခလုတ်တို့အား ချမထားခြင်းတို့ကြောင့် မီးလောင်မှုများ ဖြစ်ပွားတတ်သည်ကို အသိတရားဖြင့် သတိထားရန်။

မီးသတ်ဦးစီးဌာန

သူ့အမြင်၊ သူ့အတွေး မခင်ထား

သန့်သန့် ခန့်ခန့်ကြီး

စာရေးသူရဲ့ အဘွားကို အမျိုးသမီးလက်မှတ်ရောင်း (စပယ်ယာ) ဝန်ထမ်းတွေ လာတော့မယ့်သတင်းကို ပြောပြတော့ အဘွားတို့ ခေတ်တုန်းကလည်း အမျိုးသမီးစပယ်ယာတွေ ရှိခဲ့ဖူးပါတယ်တဲ့။

အဘွားတို့ငယ်ငယ် ဟီးနိုးဘတ်စ်ကားကြီးတွေပေါ် ခါစတုန်းက အမျိုးသမီးဝန်ထမ်းတွေ လက်မှတ်ရောင်းတယ်တဲ့။ သားရေအစစ်နဲ့ ချုပ်ထားတဲ့ ခါးပတ်ပါတဲ့ အိတ်လေးတွေ ခါး(ဗိုက်ရှေ့)မှာ ပတ်ပြီး အဲဒီအိတ်ထဲမှာ ကားလက်မှတ်အုပ်လေးတွေကို အကန့်လေးနဲ့ ထည့်ထားတာတဲ့။ ဟိုတုန်းက ကားစီးရင် ငါးပြား၊ ၁၀ ပြား၊ ၁၅ ပြား၊ ပြား ၂၀ ဆိုတဲ့ မှတ်တိုင်အကွာအဝေးအလိုက် ကားလက်မှတ်အုပ်လေးတွေပေါ့။ အဲဒီ အကန့်လေးတွေရဲ့နောက်က အကြွေစေ့တွေထည့်ဖို့ကတော့ အံကြီးကြီးပေါ့။

အဲဒီဟီးနိုးကားကြီးတွေက အတက်၊ အဆင်း တံခါးပိတ်မောင်းတာတဲ့။ ကားမှတ်တိုင်ရောက်ရင် အမျိုးသမီးလက်မှတ်ရောင်းက တံခါးအဖွင့်၊ အပိတ်လုပ်ကာ ဆင်းမယ့်သူကို တံခါးဖွင့်ပေးရင်း အောက်ကစောင့်နေတဲ့ခရီးသည်တွေကို ဘယ်နှယောက်ပဲတက်ပါလို့ပြောရင် သူပြောတဲ့ အရေအတွက်အတိုင်းပဲ တက်ရတယ်တဲ့။

ဟိုတုန်းက ရန်ကုန်မြို့ လူဦးရေနဲ့ အခုလက်ရှိလူဦးရေက အဆမတန်ကွာပေမယ့် အဲဒီလိုခရီးသည်တင်တဲ့ စည်းကမ်းတွေသတ်မှတ်ပြီး လေ့ကျင့်ယူကြည့်ရမှာလို့ ယနေ့ကာလ ရန်ကုန်မြို့ ခရီးသည်ပို့ဆောင်ရေး အစီအစဉ်သစ်အတွက် ထင်မြင်မိပါတယ်။

အဘွားတို့ကတော့ အခုအခါမှာ သိပ်အပြင်မထွက်နိုင်လို့ လက်ရှိခရီးသွားဒုက္ခတွေကို မသိကြတော့ပါ။ ယနေ့ကာလ လိုင်းကားစီးရတာ စိတ်အေးချမ်းသာမှု မရှိလှပါ။ မိမိကတော့ နေ့စဉ်နှင့်အမျှ အလုပ်သွားအလုပ်ပြန် လိုင်းကားဒုက္ခတွေကို ခံနေရတာမို့ အဆင်မပြေမှုတွေ များလှပါတယ်။

အထူးကားဆိုပြီး ဘယ်စီးစီး ပုံသေနှုန်းယူတဲ့ ကားလိုင်းတွေပေါ် လာပေမယ့် စီးရတာတော့ အဆင်မပြေလှပါ။ ထိုင်ခုံများမှာ တစ်ခုနှင့်တစ်ခု နီးကပ်နေပြီး ဝင်ရထွက်ရ ခက်လှပါတယ်။ သုံးယောက်တန်းထိုင်ခုံဆို ပိုဆိုးပါတယ်။ ထိုင်စီးသူများပင် ဝင်ရထွက်ရခက်ရတဲ့အထဲ မတ်တတ်ရပ်သူတွေတင်တဲ့အတွက် ပိုအဆင်မပြေဖြစ်ရပါတယ်။ ၅-၃-၂၀၁၂ ရက်နေ့ထုတ် ကြေးမုံသတင်းစာမှာ အထူးယာဉ်လိုင်းစီးခရီးသည်တစ်ဦးရဲ့ ခံစားတင်ပြချက်များကိုလည်း ဖတ်ရှုမိကြမှာပါ။

မထသလို့ခေါ်တဲ့ ယာဉ်ကြီးလိုင်းတချို့မှ ကားများကြပြန်တော့လည်း မတ်တတ်ရပ်ခရီးသည်ပဲ များများတင်တော့မယ့်အစီအစဉ်နဲ့ ရှေ့လှည့်ထိုင်ခုံတွေဖြုတ်ထားပြီး ဘေးတိုက်တန်းလျားခုံတွေလုပ်ထားပါတယ်။ အပေါ်တန်းကိုပဲ အားပြုကိုင်ရတော့ ထိုင်စီးလည်း အဆင်မပြေ၊ ရပ်စီးလည်း မဆင်မပြေပါ။

နောက်ယာဉ်လိုင်းအမျိုးအစားကတော့ ဟိုင်းလတ်ခေါ်တဲ့ ယာဉ်ငယ်လိုင်းပါ။ ဝတာ၊ ပိန်တာ နားမလည်။ ယာဉ်နောက်လိုက်သိတာကတော့ သူညွှန်ကြားသလို ခြောက်ယောက်အပြည့်မထိုင်ရင်တော့ အော်နေတော့တာပါပဲ။ 'ဝ' တဲ့သူတွေချည်း ဆုံမိရင်တော့ ဘယ်လိုမှ ခြောက်ယောက်ထိုင်လို့ မရပါဘူး။ ကားနောက်ခန်းမှာ စီအင်န်ဂျီအိုးတွေပါ နေရာယူထားကြတော့ ခရီးသည်များအတွက် တော်တော့်ကို အဆင်မပြေတာပါ။ အလယ်ခုံဆိုတာကလည်း ဟိုတုန်းကတော့ သစ်သားခွေးခြေခုံ၊ ပလတ်စတစ်ခွေးခြေခုံကနေ အခုတော့ အများစုမှာ ဘက်ထရီအိုးခွံပေါက်စလေးတွေပါ။ အလယ်ခုံထိုင်ရင် နောက်ပြန်ထိုင်ရတာဆိုတော့ ဘက်ထရီအိုးခွံသေးသေးလေးအပေါ် ဖင်မထိုင်မိဘဲ ကိုးရိုးကားရားဖြစ်ကြရပါသေးတယ်။ ဒီကားတွေပေါ် လာတာလည်း ကြာပါပြီ။ ဟောင်းနွမ်းစုတ်ပြတ်နေတဲ့ဘော်ဒီတို့၊ ထိုင်ခုံတို့ကြောင့် ဘရိတ်ကြမ်းကြမ်း အုပ်လိုက်ရင် အကျီပြဲ၊ လုံချည်ပြဲဖြစ်တတ်ပါသေးတယ်။

ဆက်လက်ပြီး ဒီယာဉ်တွေကို သက်ဝင်လှုပ်ရှားစေတဲ့ ယာဉ်ဝန်ထမ်းများအကြောင်းလည်း နည်းနည်းပါးပါးတင်ပြချင်ပါသေးတယ်။ သူတို့ ကျောက်ချချင်တဲ့ နေရာကျရင်တော့ အကြာကြီးရပ်နေပေမယ့် ကျန်တဲ့အချိန်မှာတော့ အတင်းတွန်းတင်၊ အတင်းဆွဲချနဲ့ ကြောက်စရာကောင်းလှပါတယ်။ ယာဉ်မောင်းအချို့မှာ စိတ်ရှည်သည်းခံလမ်းကြောင်းမှန်ဆိုတဲ့ ဆောင်ပုဒ်ကို အလေးမထားဘဲ ခပ်ကြမ်းကြမ်းတွေပဲ တွေ့ရပါတယ်။ တော်တော့်ကို ကျွမ်းကျွမ်းကျင်ကျင်နဲ့ ကြမ်းရမ်းလွန်းကြပါတယ်။ အဲဒီလိုအကြမ်းအရမ်းလေးများကြုံလာရင်တော့ ဘုရားစာသာ များများရွတ်နေရတာပါ။

ခရီးသည်ဆိုတာ ကလေးသူငယ်ကစလို့ သက်ကြီးရွယ်အိုတွေနဲ့ ရဟန်း၊ သီလရှင်များပါမကျန် အသက်အရွယ်မျိုးစုံပါ။ နုပျိုကျန်းမာသူတွေအတွက်တော့ "တန်းတွေလွတ်ဆင်းပါ"လို့ မရပ်မနားအော်နေတဲ့ ယာဉ်နောက်လိုက်ရဲ့ ညွှန်ကြားချက်က မထောင်းသာပေမယ့် သက်ကြီးပိုင်းဆိုတာ အကိုင်အတွယ်လေးနဲ့သွားမှ အန္တရာယ်ကင်းတာပါ။ သက်ကြီးရွယ်အိုတွေအဖို့ လဲပြိုရင်မလွယ်ဘူးဆိုတာ နားလည်ပေးကြစေချင်ပါတယ်။ မနှစ်က အိမ်ကညီမတစ်ယောက် ဒိုင်နာလိုင်းကားအဆင်းမှာ ခြေထောက်မြေမကျမီ ကားက ထွက်သွားလို့ အရှိန်နဲ့ကျပြီး လက်ကျိုးသွားလို့ တော်တော်ကုလိုက်ရပါသေးတယ်။

ဒီခရီးသည်ပို့ဆောင်ရေးလုပ်ငန်းကို အခကြေးငွေနဲ့လုပ်နေတယ်ဆိုပေမယ့်လည်း ယာဉ်ဝန်ထမ်းတွေအနေနဲ့ စေတနာကောင်းလေးနဲ့တင် ကုသိုလ်အများကြီးရနိုင်ပါတယ်။

ယာဉ်ငယ်လိုင်းမှ ယာဉ်နောက်လိုက်အချို့ရဲ့ ယာဉ်စီးခပိုယူနေပုံကိုလည်း နည်းနည်းတော့တင်ပြချင်ပါသေးတယ်။ သတ်မှတ်ထားတဲ့ ၅၀၊ ၁၀၀၊ ၁၅၀၊ ၂၀၀ ကျပ်ဆိုတဲ့ ယာဉ်စီးခတွေအပေါ် ကျပ် ၅၀ လမ်းကို ၁၀၀၊ ကျပ် ၁၅၀ လမ်းကို ၂၀၀ ပဲယူပါတော့တယ်။ ၅၀ ပိုမပေးချင်တဲ့ ခရီးသည်များကျတော့လည်း ကားပေါ်ရောက်ပြီးမှ စိတ်ဆိုးပြီး ပြန်ဆင်းသွားရပါတယ်။ ခရီးသည်အများစုကတော့ ယာဉ်စီးခ ဘယ်လောက်ယူယူ မပြောကြတော့ပါဘူး။ ဒါပေမယ့်လည်း သတ်မှတ်ယာဉ်စီးခထက်၊ တန်ရာတန်ကြေးထက် ပိုယူတာကတော့ ၅၀ ပဲဖြစ်ဖြစ် မတရားသောနည်းလမ်းဖြင့် ရယူခြင်းလို့ပဲ နားလည်ထားပါတယ်။

မီးပွိုင့်မှာ အတက်၊ အဆင်းမလုပ်ရလို့ စည်းကမ်းထားပေမယ့်လည်း မီးပွိုင့်ကို တန်းမောင်းသွားပြီး မီးပွိုင့်မှာလည်း ဆင်းခိုင်းတတ်ကြပါတယ်။ မီးပွိုင့်တန်းစီခြင်း၊ ကားကျော်ခြင်းများကို ဆန့်ကျင်ဘက်ယာဉ်ကြောအထိ ရဲရဲတင်းတင်း ဝင်မောင်းတတ်ကြပါတယ်။ ဘာမှမဖြစ်ရင် ဘာမှမဖြစ်သေးပေမယ့် တစ်ခုခုဖြစ်ရင်တော့ ကားထားပြီး ထွက်ပြေးဖို့လည်း ဝန်မလေးကြပြန်ပါ။

ယာဉ်နောက်လိုက်များရဲ့ အသံမှာ မမှန်မကန်ယာဉ်ကြောကနေ မောင်းနှင်ပြီးမှ လမ်းမှန်ကို ပြန်လည်ဝင်ရောက်ချင်လို့ "ချစ်ကိုကြီး တစ်စီးလောက်ပါ"ဆိုတဲ့ အချိန်ကလွဲလို့ ကြားကြရပါလိမ့်မယ်၊ "အထဲမှာမြွေမရှိဘူး" "ဒီအပေါက်ပဲ ပိတ်နေကြတယ်"၊ "ဒီအပေါက်နဲ့လုပ်စားနေရတာကို" ဆိုတဲ့အသံတွေ၊ တက်တုန်းကတော့ ဘယ်လို၊ ဆင်းတော့တုန်ချည့် တုန်ချည့်လုပ်မနေနဲ့ဆိုတာတွေလေ။

ယာဉ်ထိန်းရဲရဲ့ မျက်စိအောက်မှာသာ ယာဉ်စည်းကမ်းလိုက်နာတာကလည်း အလေ့အကျင့်ကောင်းမဟုတ်ပါ။ "စည်းကမ်းလိုက်နာ ဘေးကင်းကွာ"ဆိုတဲ့ ဆောင်ပုဒ်နဲ့အညီ ကိုယ်ထိန်းသိမ်းလိုက်နာရမယ့် စည်းကမ်းကို အချိန်ပြည့် လိုက်နာနေတာဟာ အန္တရာယ်အကင်းဆုံးပါ။ တက္ကသိုလ်ရိပ်သာလမ်းပေါ်မှာ ပြေးဆွဲတဲ့ ယာဉ်ငယ်လိုင်းအချို့မှာဆို ယာဉ်ထိန်းရဲ မျက်ကွယ်ဖြစ်လို့ နောက်တွယ်တင်ရုံသာမက ဘေးတွယ်ခရီးသည်များပါ တင်ထားပါသေးတယ်။

ယာဉ်မောင်းသူအတွက် ကိုယ့်ကားက မှန်နေဦးတော့မှ သူများကားက မှားလာရင် အန္တရာယ်ဖြစ်တတ်သေးတာမို့ ကိုယ်ကြမ်းသူရမ်းဆိုရင် ပြောဖွယ်ရာမရှိပါ။ ကိုယ်ရောသူပါ "စိတ်ရှည် သည်းခံ လမ်းကြောင်းမှန်" ဖြစ်ဖို့ကတော့ စည်းကမ်းကိုယ်စီရှိဖို့ပါ။ ဒါမှလည်း သီချင်းထဲကလို "ယာဉ်အန္တရာယ် စုပေါင်းကာကွယ်ပါမည်. . ." ဖြစ်ကြမှာပါ။

နိဂုံးချုပ်မှာကတော့ မိမိနှင့်တကွ နေ့စဉ်နှင့်အမျှ လိုင်းကားစီးပြီး ခရီးသွားလာနေကြတဲ့ ခရီးသွားပြည်သူတွေ မကြာမီကာလမှာ လိုင်းကားသန့်သန့်ကြီးတွေကို ခန့်ခန့်ကြီး စီးခွင့်ရကြဦးမယ့်အချိန်ကို စောင့်စားမျှော်လင့်လျက်ပါ. . .။

ကချင်ပြည်နယ်အစိုးရအဖွဲ့က လက်နက်နှင့် ငြိမ်းချမ်းရေးလဲလှယ်ဝင်ရောက်လာသည့် ကေအိုင်အေတပ်မဟာ(၅)မှ အဖွဲ့အား ထောက်ပံ့ငွေပေးအပ်ပွဲ ကျင်းပ

နေပြည်တော် ဧပြီ ၂၂

ရည်ရွယ်ချက်မဲ့သော စစ်ပွဲများကို ဆက်လက်ဆင်နွှဲလိုခြင်းမရှိ၍ ၂၀၁၂ ခုနှစ် ဧပြီ ၁၆ ရက်တွင် လက်နက်နှင့်ငြိမ်းချမ်းရေးလဲလှယ်ခဲ့သော ကေအိုင်အေတပ်မဟာ(၅)မှ တပ်ကြပ်အဆင့်ရှိ ကျော်ဆန်း ဦးဆောင်သောအဖွဲ့အား ကချင်ပြည်နယ်အစိုးရအဖွဲ့က ထောက်ပံ့ငွေပေးအပ်ပွဲ အခမ်းအနားကို ဧပြီ ၂၀ ရက် ညနေ ၅ နာရီတွင် မြစ်ကြီးနားမြို့နယ် တာလောကြီးကျေးရွာ အခြေခံပညာအထက်တန်းကျောင်း(ခွဲ)၌ ကျင်းပသည်။

လက်နက်နှင့် ငြိမ်းချမ်းရေး လဲလှယ်ခဲ့သော ကေ အိုင် အေ တပ်မဟာ(၅)မှ တပ်ကြပ်အဆင့် ရှိ ကျော်ဆန်း အား ကချင် ပြည်နယ်အစိုးရ အဖွဲ့မှ ထောက် ပံ့သည့် ထောက် ပံ့ ငွေ များ ကို တာ ဝန် ရှိ သူ တစ်ဦးက ပေး အပ်စဉ်။
(သတင်းစဉ်)

အခမ်းအနားသို့ ကချင်ပြည်နယ် အစိုးရအဖွဲ့ကိုယ်စား မြစ်ကြီးနားခရိုင် အုပ်ချုပ်ရေးမှူး ဦးခင်မောင်ချို၊ မြို့နယ် အုပ်ချုပ်ရေးမှူး ဦးသန်းဇော်ဦး၊ ခရိုင် ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး အေးသန်း၊ မြောက်ပိုင်းတိုင်း စစ်ဌာနချုပ်မှ တာဝန် ရှိသူများနှင့် ကေအိုင်အေတပ်မဟာ(၅)မှ လက်နက်နှင့် ငြိမ်းချမ်းရေး လဲလှယ် ဝင်ရောက်လာသည့် အဖွဲ့ဝင်များ၊ ဒေသခံ ပြည်သူများ အင်အားစုစုပေါင်း ၁၅၀၀ ခန့် တက်ရောက်ကြသည်။

အခမ်းအနားတွင် ပြည်နယ်အစိုးရ အဖွဲ့ကိုယ်စား ခရိုင်အုပ်ချုပ်ရေးမှူး ဦးခင်မောင်ချိုက ကချင်ပြည်နယ် အစိုးရ အဖွဲ့၏ ငြိမ်းချမ်းရေးကြိုးပမ်းဆောင်ရွက် ချက်များနှင့် လက်နက်နှင့် ငြိမ်းချမ်းရေး လဲလှယ်ဝင်ရောက်ကြသူများအား နွေးထွေးစွာ ကြိုဆိုကြောင်း နှုတ်ခွန်းဆက်ပြောကြား သည်။

ထို့နောက် တာဝန်ရှိသူများက ပြည်နယ်အစိုးရအဖွဲ့မှ ထောက်ပံ့သည့် ငွေကျပ် ၄၃ သိန်း၊ မြောက်ပိုင်းတိုင်း စစ်ဌာနချုပ်မှ ထောက်ပံ့သည့် ငွေကျပ် ၈၆ သိန်း၊ ဆန် ၆၇ အိတ်၊ ဆီပိဿာ ၁၂၀၊ ကုလားပဲ ရှစ်အိတ် ပိဿာ ၂၅၀၊ ဆား ၂၄ ပိဿာနှင့် ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာနမှ ပေးပို့လှူဒါန်းသော ထောက်ပံ့ပစ္စည်းများ ကို လက်နက်နှင့်ငြိမ်းချမ်းရေး လဲလှယ် ဝင်ရောက်လာသည့် အဖွဲ့ခေါင်းဆောင် နှင့် အဖွဲ့ဝင်များအား ပေးအပ်ကြ သည်။

ဆက်လက်၍ အဖွဲ့ခေါင်းဆောင်က ကေအိုင်အေတပ်ဖွဲ့၏ လယ်ယာလုပ်ငန်း ခွင်မှ မတရားဖမ်းဆီး ခေါ်ဆောင်ခြင်း ခံရမှု၊ စိတ်မပါဘဲ စစ်ရေးလေ့ကျင့်ခဲ့ရမှု၊ အမျိုးသမီးငယ်များအား အဓမ္မပြုကျင့်မှု၊ တပ်မတော်နှင့်ဆက်သွယ်ပြီး လက်နက် နှင့် ငြိမ်းချမ်းရေးလဲလှယ်ခဲ့ရမှုများနှင့် တပ်မတော်နှင့်လက်တွဲပြီး မိမိရပ်ရွာ ကာကွယ်ရေး၊ နိုင်ငံတော်ကာကွယ်ရေး လုပ်ငန်းများကို ဆက်လက်ဆောင်ရွက် သွားမည်ဖြစ်ကြောင်း၊ ယခုကဲ့သို့ ပြည်နယ် အစိုးရအဖွဲ့၊ တပ်မတော်နှင့် ပြည်သူ လူထုက နွေးထွေးစွာကြိုဆိုပြီး မိမိ အဖွဲ့ဝင်များ၊ မိသားစုများအတွက် ထောက်ပံ့ငွေနှင့်ပစ္စည်းများ ပေးအပ်ခြင်း အတွက် ကျေးဇူးအထူးတင်ရှိပါကြောင်း ပြောကြားသည်။

ထို့နောက် ရပ်မိရပ်ဖ ဦးသန်းရွှေက ပြည်နယ်အစိုးရအဖွဲ့၊ တပ်မတော်နှင့် ပြည်သူတို့က လက်နက်နှင့် ငြိမ်းချမ်းရေး လဲလှယ်ဝင်ရောက်လာသူတို့အား ထောက်ပံ့ ငွေနှင့်ပစ္စည်းများ ပေးအပ်ခြင်းအတွက် ကျေးဇူးတင်စကားပြောကြားပြီး ကျေးရွာ မှ ရှမ်းတိုင်းရင်းသား အမျိုးသမီး၊ အမျိုး သားများက လက်နက်နှင့် ငြိမ်းချမ်းရေး လဲလှယ်ဝင်ရောက်လာသော တပ်ဖွဲ့ဝင် များအား ငြိမ်းချမ်းရေးကိုကြိုဆိုပါသည် တေးသီချင်းများဖြင့် ဖျော်ဖြေပြီး အခမ်း အနားကို ရုပ်သိမ်းလိုက်ကြောင်း သတင်း ရရှိသည်။

(သတင်းစဉ်)

ထူးချွန်ကျောင်းသားများ ဂုဏ်ပြုပွဲကျင်းပ

ဆင်ဖြူကျွန်း ဧပြီ ၂၂

မကွေးတိုင်းဒေသကြီး ဆင်ဖြူကျွန်းမြို့ ပြည်တော်သာရပ် အခြေခံပညာမူလ တန်းကျောင်း ထူးချွန်ကျောင်းသား ကျောင်းသူများအား ဆုပေးပွဲနှင့် နှစ်ပတ်လည် အစည်းအဝေးကို ဖေဖော်ဝါရီ ၁၈ ရက် မွန်းလွဲ ၁ နာရီက ကျင်းပရာ ဆရာဦးသန်းကိုနှင့် ဆရာမ ဒေါ်ဝါဝါလွင်တို့က အခမ်းအနားမှူးအဖြစ် ဆောင်ရွက်ပြီး သဘာပတိကျောင်း အကျိုးတော်ဆောင်အဖွဲ့ဥက္ကဋ္ဌ ဦးမောင်မောင်အေးက အမှာစကားပြောကြားသည်။

ဆက်လက်၍ ကျောင်းအုပ်ဆရာမကြီး ဒေါ်အေးအေးမွန်က တစ်နှစ်တာ သင်ကြားမှုကိုလည်းကောင်း၊ ကျောင်းကော်မတီဦးသံဒိုးနှင့် ဦးစိုးလင်းတို့က ကျောင်း ကော်မတီဆောင်ရွက်ထားမှုကိုလည်းကောင်း ရှင်းလင်းတင်ပြကြပြီး ဧည့်သည်တော် ကျောင်းအုပ်ဆရာကြီး ဦးအောင်ကျော်မြင့်၊ ဆောင်းပါးရှင် (သုတေသီ)ဒေါ်စိန်မြတို့က ပညာရေးအကြံပေးပြောကြားကြသည်။

ထို့နောက်ပညာထူးချွန်၊ အားကစားထူးချွန်ကျောင်းသား ကျောင်းသူများအား ဆုများပေးအပ်ကြသည်။ အထူးအစီအစဉ်အဖြစ် ၂၀၁၁ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ တွင် ထူးချွန်စွာအောင်မြင်ခဲ့သော ကျောင်းသား မောင်အောင်သူရအား ဆရာမ ဒေါ်အေးအေးသင်းနှင့် ကျောင်းအကျိုးတော်ဆောင်ဥက္ကဋ္ဌတို့က မြန်မာနှင့်အင်္ဂလိပ် ဘာသာအက်ဆေးစာအုပ်များနှင့် ဗလာစာအုပ်များကို ဂုဏ်ပြုဆုချီးမြှင့်ကြောင်း သိရှိရသည်။ **(အောက်ပုံ)** (၁၅၈)

သက်ကြီးဆရာဝန်များအတွက် Day Care Centre ဖွင့်လှစ်

ရန်ကုန် ဧပြီ ၂၂

၂၀၁၂ ခုနှစ် ဧပြီ ၇ ရက်တွင် ကျရောက်သော ကမ္ဘာ့ကျန်းမာရေးနေ့၏ ဆောင်ပုဒ်ဖြစ်သည့် သက်ကြီးသူတို့ ကျန်းမာဖို့ လူမှုဘဝမြှင့်တင်စို့ အဆိုကို ထောက်ခံသောအားဖြင့် မြန်မာနိုင်ငံ ဆရာဝန်အသင်း၊ သက်ကြီးဆရာဝန် များထောက်ကူအဖွဲ့က သက်ကြီးဆရာဝန် များအတွက်နားနေရာ Day Care Centre ကို မတ် ၁ ရက်မှစတင်၍ အမှတ် ၁၄-A တောင်မြင်းပြိုင်ကွင်းလမ်း တာမွေကြီး(ခ) ရပ်ကွက် တာမွေမြို့နယ် ရန်ကုန်မြို့ ဖုန်း- ၈၆၀၃၅၁၃ တွင် နေ့စဉ် နံနက် ၉ နာရီမှ ညနေ ၅ နာရီအထိ အခမဲ့ဖွင့်လှစ်ထားပြီ ဖြစ်ကြောင်း သိရသည်။

(ကြေးမုံ)

သက်ကြီးရွယ်အိုတို့ ကျန်းမာဖို့ လူမှုဘဝမြှင့်တင်စို့ ဆိုရာဝယ်

■ ဖိုးရာဇာ ■

မြန်မာ့အလင်းသတင်းစာတွင် World Health Organization နှင့် ကျန်းမာရေး ဝန်ကြီးဌာနမှ ၂၀၁၂ ခုနှစ် ကမ္ဘာ့ကျန်းမာရေးနေ့ ဧပြီလ ၇ ရက်နေ့ "သက်ကြီးသူတို့ ကျန်းမာဖို့ လူမှုဘဝမြှင့်တင်စို့" World Health Day 2012 7 April 'Ageing and Health' 'Good health adds life to years' ကျန်းမာရေးဝန်ကြီးဌာနဟု ဖော်ပြထားသည်ကို တွေ့လိုက်ရာ ယနေ့ခေတ်လူတိုင်းအား သက်ကြီးသူတို့အပေါ် ကျန်းမာရေးကောင်းမွန်အောင်ဆောင်ရွက်စေလိုသော အသိပေးလမ်းညွှန်မှုတစ်ခု ဖြစ်နေသည်ကို တွေ့ရှိခဲ့ရပါသည်။ ယနေ့ခေတ်လူငယ် လူရွယ်များသည် နောင် တစ်ချိန်မှာ သက်ကြီးသူတို့ဖြစ်လာကြမည်မှာ ဧကန်မလွဲဖြစ်ပါသည်။ သို့သော် ယနေ့ ခေတ်လူငယ်လူရွယ်များမှာ ယနေ့ခေတ်ကာလအလိုက် ပျော်ရွှင်စရာများပြား လှသော အခြေအနေများတွင် ပျော်မြူးလွင့်မျောနေကြပြီး မိမိတို့ အနေဖြင့် သက်ကြီး ရွယ်အိုများအပေါ် ရိုသေလေးစားကူညီစောင့်ရှောက်ပေးရန် လိုအပ်နေသည်ကို မေ့လျော့နေကြပါသည်။ ယင်းတို့ဆောင်ရွက်ရမည့် ကိစ္စများမေ့လျော့နေရာကလည်း ၎င်းတို့အပေါ် အပြစ်မြင်၍မရနိုင်ပါ။ အဘယ်ကြောင့်ဆိုသော် ၎င်းတို့မှာ ပြည်သူ့နီတိကို သင်ကြားခဲ့ရခြင်းမရှိသည့်အပြင် ၎င်းတို့၏အနီးဆုံးတွင်ရှိကြသော တချို့သော မိဘ များကပင် သွန်သင်ဆုံးမလမ်းညွှန်မှုပြုလုပ်ရန် အားနည်းနေသောကြောင့် ဖြစ်ရပါ သည်။ တချို့သော လူငယ်များမှာ သက်ကြီးသူများအပေါ် ရိုသေလေးစားမှု၊ ကူညီ စောင့်ရှောက်မှုများပြုလုပ်တတ်သည်ကို တွေ့ရှိရသော်လည်း အရေအတွက်အားဖြင့် အလွန်မှ နည်းလှပါသည်။ အမှန်မှာ အသက်ကြီးသူများဆိုသည်မှာ တစ်ချိန်က လူငယ်လူရွယ်လူလတ်ပိုင်းများဖြစ်ကြပြီး ၎င်းတို့၏ ဘဝတစ်လျှောက်တွင် သက်ဆိုင်ရာဌာန၊ ကဏ္ဍအသီးသီးအလွှာအသီးသီးတွင် ပါဝင်လုပ်ကိုင်ခဲ့ကြပြီး အသက် ကြီးသောအခါတွင် အတွေ့အကြုံအသိအမြင်များဖြင့် ရင့်ကျက်နေကြသူများဖြစ်ကြ ပါသည်။ ယင်းအတွေ့အကြုံရင့်ကျက်သူများမှ နောင်တက်လာမည့် လူငယ်လူရွယ် များအား ပြန်လည်၍လမ်းညွှန်မှု၊ အကြံဉာဏ်ပေးမှုများပြုလုပ်လာခဲ့သည်မှာ ခေတ်အဆက်ဆက်ကပင်ဖြစ်ပါသည်။ ထိုသို့လမ်းညွှန်မှု၊ အကြံဉာဏ်ပေးမှုများအား ပေးနိုင်ရန်မှာ အသက်ကြီးသူများအဖို့ ကျန်းမာရေးကောင်းမွန်ရန်လိုအပ်ပါသည်။ ကျန်းမာရေးကောင်းမွန်ပါမှ မှန်ကန်သောအသိအမြင်လမ်းညွှန်ပြသမှုများကို ပြုလုပ်နိုင်မည်ဖြစ်ပါသည်။ ထိုသို့ ကျန်းမာသော သက်ကြီးသူများ ဖြစ်အောင် ဆောင်ရွက်ပေးရန်မှာ လူငယ်လူရွယ်များ၏ တာဝန်သာဖြစ်ပါသည်။

ယနေ့ခေတ်ကာလသည် ဖွံ့ဖြိုးတိုးတက်သော ဒီမိုကရေစီစနစ်သို့ ရောက်ရှိ လာရန် ဆောင်ရွက်နေသော အချိန်တွင် အတွေ့အကြုံအသိအမြင် ကြွယ်ဝလှသော အသက်ကြီးသူများ၏ အကြံဉာဏ်လမ်းညွှန်မှုများ ရယူရန်လိုအပ်နေသောအချိန် အခါဖြစ်ပါသည်။ မှန်ကန်သော အကြံဉာဏ်လမ်းညွှန်မှုများရရှိမှသာလျှင် ဖွံ့ဖြိုး တိုးတက်သော ဒီမိုကရေစီနိုင်ငံတော်သစ် အလျင်အမြန်ရောက်ရှိလာမည် ဖြစ်ပါ သည်။ အသက်ကြီးသူများ၏ ကျန်းမာရေးကောင်းမွန်စေရန် ဝိုင်းဝန်းဆောင်ရွက် ကြဖို့လိုအပ်နေပါသည်။ အထူးသဖြင့် ဆင်းရဲချို့တဲ့ပြီး ခိုကိုးရာမဲ့သော အသက်ကြီး သူများအားလည်း လူတိုင်းမှ တတ်အားသရွေ့ကူညီဆောင်ရွက်ကြရန် လိုအပ်နေပါ သည်။ ယခုအခါ အမေရိကန်၊ ဂျပန်၊ တရုတ်စသောနိုင်ငံများ၌လည်း အသက်ကြီးသူများ အား ဝိုင်းဝန်းကူညီစောင့်ရှောက်မှုများပြုလုပ်ကြရန် လှုပ်ရှားမှုများအဖြစ် ဆောင်ရွက် လျက်ရှိကြပါသည်။ မြန်မာနိုင်ငံ အမျိုးသမီးရေးရာကလည်း သက်ကြီးသူများ စောင့်ရှောက်မှုကို အိမ်တိုင်ရာရောက် ဆောင်ရွက်လုပ်ကိုင်နေသည်ကို တွေ့ရှိခဲ့ရပါ သည်။ ရန်ကုန်မြို့ရှိ နှင်းဆီကုန်းဘိုးဘွားရိပ်သာဆိုသည်မှာ လူတိုင်းသိရှိကြသော အသက်ကြီးသူ အထူးသဖြင့် ဆင်းရဲချို့တဲ့ပြီး သားသမီးကျောထောက်နောက်ခံမရှိ ခိုကိုးရာမဲ့သော လူကြီးများအား စောင့်ရှောက်မှုပေးနေသော နေရာတစ်ခုဖြစ်ကြောင်း သိရှိရပါသည်။ ယင်းဘိုးဘွားရိပ်သာတွင် အသက်ကြီးသူများ၏ ကျန်းမာရေးကောင်းမွန် စေရန် တချို့သောဆရာဝန်များက စေတနာ့ဝန်ထမ်း လာရောက်ဆောင်ရွက်နေ ကြသည်ဟု သိရှိရပါသည်။ ၎င်းဘိုးဘွား(အသက်ကြီးသူများ)အား ကောင်းမွန်စွာ စောင့်ရှောက်နိုင်ရေးအတွက် အချို့သောပုဂ္ဂိုလ်များက စေတနာအရင်းခံဖြင့် လာရောက်လှူဒါန်းမှုများ ပြုလုပ်နေကြသည်ကို သိရှိရပါသည်။

ယနေ့ခေတ်ကာလတွင် တချို့သော အသက်ကြီးသူများမှာ ၎င်းတို့၏ သားသမီး များထံ အကူအညီအစောင့်အရှောက်မရရှိ၍ လိုက်လံတောင်းရမ်းစားသောက်နေ သည်ကို တွေ့ရသည်မှာ အလွန်မှစိတ်မကောင်းစရာဖြစ်ရပါသည်။ အချို့သော သက်ကြီးသူများမှာ ကျန်းမာရေးချို့တဲ့နေသော်လည်း သွားလာတောင်းရမ်း စားသောက်နေကြသည်မှာ ယင်းတို့အတွက် ကျန်းမာရေးစောင့်ရှောက်မှု လိုအပ် နေပါကြောင်း ပေါ်ပေါက်နေပါသည်။ သက်ကြီးသူတို့ကျန်းမာပါမှ ၎င်းတို့၏ လူမှုဘဝ မြှင့်တင်ရန်ဆောင်ရွက်နိုင်မည်ဖြစ်ပါသည်။ ထိုသို့လူမှုဘဝ မြှင့်တင်မှုသာလျှင် ၎င်းတို့ပတ်ဝန်းကျင်မှုလည်း မြင့်တက်လာမည်ဖြစ်၍ ထို့မှတစ်ဖန် ၎င်းတို့နေထိုင်ရာ တိုင်းပြည်မှာလည်း ဂုဏ်ရှိန်မြင့်တက်လာမည်ဖြစ်ပါသည်။ နိုင်ငံတော်ဒီမိုကရေ စီစနစ်ဖွံ့ဖြိုးတိုးတက်လာစေရန် သက်ကြီးသူတို့ကျန်းမာ၍ လူမှုဘဝမြှင့်တင်မှု ရှိရန်မှာလည်း လိုအပ်ချက်တစ်ရပ်ဖြစ်နေပါသည်။ သက်ကြီးသူတို့အား စောင့်ရှောက် နိုင်ရန် တချို့သော ငွေကြေးပြည့်စုံသူများမှာ ဘိုးဘွားရိပ်သာများ ဆောက်လုပ် လှူဒါန်းမှုများ ပြုလုပ်လာခြင်းများမှာ သက်ကြီးသူတို့ ကျန်းမာ၍ လူမှုဘဝ မြှင့်တင်နိုင်ရေးအတွက် တစ်ဖက်တစ်လမ်းမှ ကူညီရာရောက်၍ အားရမိ ပါသည်။ ။

နှင်းဆီကုန်းဘိုးဘွားရိပ်သာရှိ အဘိုး အဘွားများအား စေတနာအရင်းခံဖြင့် လာရောက်လှူဒါန်းလျက်ရှိစဉ်။

ပြည်ပမှ ရောက်ရှိလာသော ကုန်တင်သင်္ဘောကြီးများ ရန်ကုန်ဆိပ်ကမ်း၌ ဆိုက်ကပ်ထားသည်ကို တွေ့ရစဉ်။

*** အပြည်ပြည်ဆိုင်ရာမှ**

ရန်ကုန်ဆိပ်ကမ်းကို ပို့ဆောင်ရေးဝန်ကြီးဌာန မြန်မာ့ဆိပ်ကမ်းအာဏာပိုင်၏ စီမံကွပ်ကဲမှုဖြင့် ၂၀၀၁ ခုနှစ်မှ စတင်၍အပြည်ပြည်ဆိုင်ရာ သင်္ဘောကြီးများ ဝင်ထွက်ဆိုက်ကပ်မှုတွင် ၅၂ ရာခိုင်နှုန်း၊ ကုန်သေတ္တာကိုင်တွယ်မှုတွင် ၈၄ ရာခိုင်နှုန်းနှင့် ကုန်စည်ကိုင်တွယ်မှုတွင် ၆၇ ရာခိုင်နှုန်းအထိ တိုးတက်အောင်မြင်ခဲ့ပြီဖြစ်ကြောင်း မြန်မာ့ဆိပ်ကမ်းအာဏာပိုင်သတင်းများအရ သိရသည်။

လက်ရှိရန်ကုန်မြို့ အပြည်ပြည်ဆိုင်ရာ သင်္ဘောကြီးများဝင်ထွက်ဆိုက်ကပ်နေသည့် ဆိပ်ခံတံတားကြီးများတွင် အေးရှားဝေါလ်၊ မြန်မာ့စက်မှုဆိပ်ကမ်း ဆူးလေတံတား အမှတ် (၁)မှ (၇) အထိ၊ ဗိုလ်အောင်ကျော်တံတား (၁)မှ (၃)အထိ ဆိပ်ခံတံတားကြီးများကို အလွန်လေးလံသော ကုန်စည်တန်ချိန် ၁၅၀၀၀ အထိ ကိုင်တွယ်နိုင်ပြီး အလျား ၁၆၇ မီတာနှင့် ရေစူးကိုးမီတာရှိသော ပင်လယ်ကူးသင်္ဘောကြီးများ ဝင်ထွက်ဆိုက်ကပ်နိုင်ရန်အတွက် တိုးချဲ့တည်ဆောက်သွားမည်ဖြစ်သည်။

ထို့အပြင် သီလဝါဆိပ်ကမ်းတွင် ကုန်တန်ချိန် ၂၀၀၀၀ အထိ ကိုင်တွယ်နိုင်သည့် အလျားမီတာ ၂၀၀ နှင့် ရေစူးကိုးမီတာရှိ ပင်လယ်ကူးသင်္ဘောကြီးများ ဝင်ထွက် ဆိုက်ကပ်နိုင်ရန်အတွက် ဒီဇိုင်းများရေးဆွဲ တည်ဆောက်သွားမည်ဖြစ်ကြောင်း သိရသည်။

ရန်ကုန်ဆိပ်ကမ်း ဆူးလေတံတား အမှတ်(၄)ကို ၁၉၃၂ ခုနှစ်တွင်လည်းကောင်း၊ တံတားအမှတ်(၁၂၃)ကို ၁၉၄၂ ခုနှစ်တွင်လည်းကောင်း၊ တံတားအမှတ် (၅၊ ၆၊ ၇) ကို ၁၉၆၂ ခုနှစ်တွင် လည်းကောင်း တည်ဆောက်ခဲ့ခြင်းဖြစ်သဖြင့် ၁၉၆၂ ခုနှစ်တွင် တည်ဆောက်ခဲ့သည့် ဆိပ်ခံတံတားများသည်ပင်လျှင် ယနေ့ကာလတွင် သက်တမ်း ၅၀ ကျော်နေခဲ့ပြီဖြစ်သည်။

အဆိုပါ ဆိပ်ခံတံတားများသည် သူ့ခေတ်၊ သူ့အချိန်အခါနှင့် ကမ္ဘာ့ရေကြောင်းလိုင်းများတွင် အသုံးပြုနေသည့် ပင်လယ်ကူးသင်္ဘောကြီးများအတွက် ရည်ရွယ်ဆောက်လုပ်ခဲ့ခြင်းဖြစ်သော်လည်း ယနေ့ အပြည်ပြည်ဆိုင်ရာ ကုန်စည်စီးဆင်းမှုနှင့် ကမ္ဘာ့ရေကြောင်းလိုင်းများ အသုံးပြုမှုအနေအထားကို တွက်ချက်မည်ဆိုပါက ခေတ်စနစ်နှင့်လိုက်လျောညီထွေမှုမရှိသည်ကို လေ့လာတွေ့ရှိရသည့်အတွက် ပို့ဆောင်ရေးဝန်ကြီးဌာနက ရန်ကုန်ဆိပ်ကမ်း ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းကို ရေးဆွဲပေးခဲ့ခြင်းဖြစ်သည်။

ရန်ကုန်ဆိပ်ကမ်းအား စက်မှုစီးပွားရေးကုန်သွယ်မှု ဗဟိုအချက်အချာကျသော ဆိပ်ကမ်းကြီးအဖြစ် ၂၀၁၅ ခုနှစ်တွင် အာဆီယံဒေသတွင်း လွတ်လပ်သော အာဆီယံကုန်သွယ်မှုဇုန် ဖြစ်တည်လာရေးအတွက် ခေတ်စနစ်နှင့် မလျော်ကန်သော နိုင်ငံတော်၏ စီးပွားရေးမူဝါဒ ဖြေလျှော့မှု ကုန်သွယ်ဖက်နိုင်ငံများနှင့် အပြန်အလှန် ပူးပေါင်းဆောင်ရွက်မှု၊ အနောက်နိုင်ငံများမှ စီးပွားရေးပိတ်ဆို့မှုများ လျှော့ချရုပ်သိမ်းမှုစသည့် အခြေအနေများကြောင့် ရန်ကုန်ဆိပ်ကမ်း ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းဖြစ်သော ခေတ်မီတံတားစင်းရေ ၁၆ စင်းတွင် ပင်လယ်ကူးသင်္ဘောစင်းရေ ၁၇ စင်း တစ်ပြိုင်တည်း ဆိုက်ကပ်နိုင်ရန် စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ယနေ့ အလုံသင်္ဘောကျင်းမြေနေရာတွင် ဆိပ်ခံတံတားအရွယ် (၃၉၀×၄၀) မီတာရှိ တံတားပေါ်တွင် ကုန်သေတ္တာ ၃၆၂၄ လုံး ထားရှိနိုင်ပြီး ပင်လယ်ကူးသင်္ဘောနှစ်စင်း ဆိုက်ကပ်နိုင်မည် ဖြစ်သည်။

သိမ်ဖြူသင်္ဘောကျင်းမြေနေရာတွင် ဆိပ်ခံတံတားအရွယ် (၃၅၀×၄၀)မီတာရှိ တံတားပေါ်တွင် ကုန်သေတ္တာ ၁၄၁၆ လုံးထားရှိနိုင်ပြီး ပင်လယ်ကူးသင်္ဘောနှစ်စင်းဆိုက်ကပ်နိုင်မည်ဖြစ်သည်။

အလုံသစ်တောဝင်း အမှတ်(၂) မြေနေရာတွင် ဆိပ်ခံတံတားအရွယ် (၅၆၀×၄၀)မီတာရှိ တံတားပေါ်တွင် ကုန်သေတ္တာ ၅၃၇၆ လုံး ထားရှိနိုင်ပြီး ပင်လယ်ကူးသင်္ဘောသုံးစင်း ဆိုက်ကပ်နိုင်မည်ဖြစ်သည်။

တည်ဆောက်ဆဲ ရွှေနာဂါဆိပ်ကမ်းတွင် ဆိပ်ခံတံတားအရွယ် (၆၄၀×၄၁) မီတာရှိပြီး ပင်လယ်ကူးသင်္ဘောသုံးစင်း ဆိုက်ကပ်နိုင်မည်ဖြစ်သည်။

အလုံသစ်တောဝင်း အမှတ်(၃) နေရာတွင် ဆိပ်ခံတံတားအရွယ် (၄၁၀×၄၀)မီတာရှိတံတားပေါ်တွင် ကုန်သေတ္တာ ၃၆၂၄ လုံး ထားရှိနိုင်ပြီး ပင်လယ်ကူးသင်္ဘောနှစ်စင်းဆိုက်ကပ်နိုင်မည်ဖြစ်သည်။

ပြည်ပမှ ရောက်ရှိလာသော ကုန်တင်သင်္ဘောကြီးများပေါ်မှ ကုန်များကို ရန်ကုန်ဆိပ်ကမ်း၌ သယ်ချနေသည်ကို တွေ့ရစဉ်။

တည်ဆောက်ဆဲ အေးရှားဝေါလ်ဆိပ်ကမ်း အမှတ်(၄)နေရာတွင် ဆိပ်ခံတံတားအရွယ် (၂၄၄×၃၀)မီတာရှိပြီး ပင်လယ်ကူးသင်္ဘောနှစ်စင်း အပါအဝင် စုစုပေါင်း ၁၇ စင်းနှင့် တံတားအစင်းရေ ၁၆ စင်းတို့ကို အပြည်ပြည်ဆိုင်ရာ ကုန်စီးဆင်းမှုနှင့် ၂၀၁၅ ခုနှစ်တွင် အာဆီယံဒေသတွင်း လွတ်လပ်သော အာဆီယံ ကုန်သွယ်မှုစနစ်များကို နိုင်ငံတော်အဝန်း ကဏ္ဍချုပ်ကိုင်မှုများမှ ကင်းလွတ်ပြီး ပုဂ္ဂလိကအခန်းကဏ္ဍ ပိုမိုမြင့်မားတိုးတက်လာစေရန် တို့ကို ရည်ရွယ်၍ ရန်ကုန်ဆိပ်ကမ်း ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းကို တိုင်းရင်းသားပုဂ္ဂလိက စီးပွားရေးလုပ်ငန်းရှင်များ လက်ဝယ်သို့ B.O.T စနစ်ဖြင့် နှစ်တိုနှစ်ရှည် ဆောင်ရွက်သွားမည်ဖြစ်ပြီး ပင်လယ်ကူးသင်္ဘောကြီး ၃၃ စင်း တစ်ပြိုင်တည်းဆိုက်ကပ်နိုင်ပြီး ကုန်သေတ္တာ ၁၆၆၅၂ နှင့် ကုန်စည်တန်ချိန်သန်း ၁၀၀ အထိကို အနာဂတ်တွင် ကိုင်တွယ်သွားနိုင်မည့် ရန်ကုန်ဆိပ်ကမ်းကြီးများအဖြစ် တည်ဆောက်သွားမည်ဖြစ်ကြောင်း သက်ဆိုင်ရာဌာနမှ သိရသည်။ ။

ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ (ရန်ကုန်မြို့တော်ဝန်)က ကျန်းမာရေးနှင့် ညီညွတ်သော စားသောက်ဆိုင်များရှိသည့် အခြေခံကျောင်းများအား ဂုဏ်ပြုချီးမြှင့်ပွဲကို မတ် ၂၈ ရက်က မြို့တော်ခန်းမ၌ ကျင်းပရာ အဆင့်မြင့် ပထမဆုရ အထက(၁)ဒဂုံ ကျောင်းအုပ်ဆရာကြီးကိုယ်စား ဆရာမ ဒေါ်ဝင်းမာအား ဂုဏ်ပြုမှတ်တမ်းလွှာ ပေးအပ်စဉ်။ (၄၉)

တရားမဝင်သစ်ထုတ်ယူမှု လျှော့နည်းပပျောက်ရေးနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ပညာပေးဟောပြောပွဲကျင်းပ

ရပ်စောက် ဧပြီ ၂၂

ရှမ်းပြည်နယ် ရပ်စောက်မြို့နယ် သစ်တောဦးစီးဌာနမှ တရားမဝင်သစ်ထုတ်လုပ်မှု လျှော့နည်းပပျောက်ရေးနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ပညာပေးဟောပြောပွဲကို မတ် ၂၇ ရက်က ရပ်စောက်မြို့နယ် ၁၈ မိုင် သစ်တောဘိနယ်စခန်းတွင် ကျင်းပသည်။ **(ယာပုံ)**

အခမ်းအနားတွင် ရှေးဦးစွာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးခွန်စိုးလွင်က အဖွင့်အမှာစကားပြောကြားပြီး ရပ်စောက်မြို့နယ် သစ်တောဦးစီးဌာနမှ ဦးစီးအရာရှိ ဦးခိုင်ညွန့်က သစ်တောထိန်းသိမ်းကာကွယ်ရေးနှင့် တရားမဝင်သစ်ထုတ်လုပ်မှု လျှော့နည်းပပျောက်ရေးတွင် ပြည်သူလူထုမှ ပူးပေါင်းပါဝင်ဆောင်ရွက်ရန်နှင့် သစ်တောဥပဒေပြဋ္ဌာန်းချက်များကို ရှင်းလင်းဟောပြောခဲ့ကြောင်း သိရသည်။ (ကြေးမုံ)

သင့်သွေးဖြင့် အသက်ကယ်ပါ

ကျောက်သဲမြေသား လမ်းခင်းဆောင်ရွက်

မော်လူး ဧပြီ ၂၂

စစ်ကိုင်းတိုင်းဒေသကြီး အင်းတော်မြို့နယ် မော်လူးအုပ်စုတွင်းရှိ ရရွာဆုံးရွှေလေးကန်ရွာတန်းရှည်လမ်းမကြီးအားရာသီမရွေးသွားလာနိုင်ရေးလွယ်ကူရန် ချောင်းတံတားနှင့် ရွာလမ်းမကြီးကို မူလကျောက်ကြမ်းလမ်းအကျယ် ၁၅ ပေနှင့် ထပ်မံတိုးချဲ့လမ်း အကျယ် ခြောက်ပေတို့အား ကျောက်သဲမြေသားလမ်းခင်းတိုးချဲ့ခြင်း လုပ်ငန်းများဆောင်ရွက်လျက်ရှိရာ **(အောက်ပုံ)** မတ် ၂၉ ရက်က မော်လူးကျေးရွာ အုပ်ချုပ်ရေးမှူး ဦးမြသန်းနှင့် ဆရာတော် သံဃာတော်များ၊ ကျေးရွာအုပ်ချုပ်ရေးမှူးများ၊ ရွာသူရွာသားများ၊ ရပ်မိရပ်ဖများ၊ ကျေးရွာတွင်းရှိ ထော်လာဂျီ အစီး ၂၀ တို့သည် မော်လူး-သက်ရင်းသာလမ်း တစ်မိုင်ငါးဖာလုံ မြေသားခင်းခြင်းကို စေတနာသဒ္ဓါထက်သန်စွာဖြင့် ကူညီဆောင်ရွက်ခဲ့ပြီး ရွာမှစေတနာရှင်များက အာဟာရဆန်ပြုတ်ဖြင့် တိုက်ကျွေးကြောင်း သိရသည်။ (ခင်မောင်ဆွေ)

အင်းစိန်မြို့နယ် စာပေနှင့်စာနယ်ဇင်းအဖွဲ့၏ ဘုရားဖူးနှင့် လေ့လာရေးခရီးစဉ်တွင် ကျိုက်ထိုမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနသို့ စာအုပ်များ လှူဒါန်းပွဲကို မတ် ၂၅ ရက်က ကျိုက်ထိုမြို့နယ် ကင်ပွန်းစခန်းခမ္မာရုံ၌ ကျင်းပရာ အင်းစိန်မြို့နယ်စာပေနှင့် စာနယ်ဇင်းအဖွဲ့ ဒုတိယဥက္ကဋ္ဌ လေ့လာရေးအဖွဲ့ခေါင်းဆောင် ဦးဘိုကြည်(ဒေါက်တာဗိုလ်သံမဏိ- တောင်တွင်းကြီး)၊ အတွင်းရေးမှူး ဦးစိုးဝင်းမောင် (ရွှေတိုက်စိုး)နှင့် စာရင်းစစ် ဦးဝင်းမြင့်(မောင်မောင်ဝင်းမြင့်-မှူခင်း)တို့က စာအုပ်များ ပေးအပ်လှူဒါန်းရာ ခရိုင်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဒေါ်ခင်စောလင်းနှင့် မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနဦးစီးမှူး ဒေါ်အေးမျိုးမျိုးစံတို့ လက်ခံယူစဉ်။ (မြို့နယ်စာပေနှင့်စာနယ်ဇင်း)

ခြေကျင်လျှောက်သူများ သတိပြုလိုက်နာရန်

(၁) လမ်းညွှန်၊ လမ်းအမှတ်အသားများ အတိုင်းလိုက်နာရမည်။
(၂) ယာဉ်ထိန်းရဲရှိလျှင် ၎င်း၏ညွှန်ပြချက်အတိုင်းလိုက်နာရမည်။
(၃) စကြံ(သို့မဟုတ်) သတ်မှတ်ထားသော လမ်းရှိလျှင် ထိုနေရာများပေါ်မှသွားရမည်။
(၄) စကြံမရှိလျှင် လမ်း၏ ဝဲဘက်နံဘေးမှကပ်၍ ယာဉ်ကြောကို မျက်နှာမူပြီး လျှောက်ရမည်။
(၅) ဘတ်စ်ကားစီးလိုလျှင် သတ်မှတ်ထားသော နေရာမှ စီးရမည်၊ ဆင်းရမည်။
(၆) လမ်းမပိတ်ဆို့ရ၊ ရင်ပေါင်တန်းမလျှောက်ရ။
(၇) မီးသတ်ယာဉ်၊ သူနာတင်ယာဉ်၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ယာဉ် စသည့်အရေးကြီးယာဉ်တို့ အချက်ပေးလာလျှင် ၎င်းယာဉ်များကို ဦးစားပေး၍ လမ်းပေါ်မှ အမြန်ဖယ်ရမည်။
(၈) လူကူးရန်ရေးဆွဲထားသည့် နေရာများမှသာလမ်းဖြတ်ကူးရမည်။
(၉) လမ်းကို ကန့်လန့်ဖြတ်တည့်တည့်ကူးပါ။ လမ်းပေါ်အလျားလိုက်မျော၍မကူးရ။
(၁၀) သတ်မှတ်ထားသည့် နေရာများမှ ဖြတ်ကူးလျှင် လက်ယာဘက်ခြမ်းမှဖြတ်ကူးပါ။
(၁၁) လမ်းဆုံတွင်ခွင့်ပြုမထားလျှင် ထောင့်ဖြတ်မကူးရ။
(၁၂) ယာဉ်အတွက် မီးစိမ်းပြနေသည့် လမ်းကို မဖြတ်ကူးရ။
(၁၃) ခြေကျင်လျှောက်သူများအတွက် သီးခြားအချက်ပြရှိလျှင် ထိုအချက်ပြမီးကခွင့်ပြုမှ လမ်းဖြတ်ကူးပါ။
(၁၄) မြင်ကွင်းကွယ်နေသောနေရာမှ လမ်းပေါ်သို့ ရုတ်တရက်ထွက်လာခြင်း၊ လမ်းဖြတ်ကူးခြင်းမပြုရ။
(၁၅) အုပ်ထိန်းသူမပါဘဲ အသက်(၆)နှစ်နှင့်အောက် ကလေးများလမ်းပေါ်တွင် သွားလာခြင်းမရှိစေရ။
(၁၆) လမ်းဖြတ်ကူးခွင့်ပြုသည့်နေရာမှ လမ်းဖြတ်ကူးသူများကို အနှောင့်အယှက်ဖြစ်စေရန် စကြံပေါ်တွင် ရပ်မနေရ။

နေပြည်တော်ယာဉ်စည်းကမ်းထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီ



၄၀)မီတာရှိ တံတားပေါ်တွင် ကုန်သေတ္တာ ၅၃၇၆ လုံး ထားရှိနိုင်ပြီး ပင်လယ်ကူးသင်္ဘောသုံးစင်း ဆိုက်ကပ်နိုင်မည်ဖြစ်သည်။

တည်ဆောက်ဆဲ ရွှေနဒါဆိပ်ကမ်းတွင် ဆိပ်ခံတံတားအရွယ် (၆၄၀×၄၁) မီတာရှိပြီး ပင်လယ်ကူးသင်္ဘောသုံးစင်း ဆိုက်ကပ်နိုင်မည်ဖြစ်သည်။

အလုံသစ်တောဝင်း အမှတ်(၃) နေရာတွင် ဆိပ်ခံတံတားအရွယ် (၄၁၀×၄၀)မီတာရှိတံတားပေါ်တွင် ကုန်သေတ္တာ ၃၆၂၄ လုံး ထားရှိနိုင်ပြီး ပင်လယ်ကူးသင်္ဘောနှစ်စင်းဆိုက်ကပ်နိုင်မည်ဖြစ်သည်။

တည်ဆောက်ဆဲ အေးရှားဝေါလ်ဆိပ်ကမ်း အမှတ်(၄)နေရာတွင် ဆိပ်ခံတံတားအရွယ် (၂၄၄×၃၀)မီတာရှိပြီး ပင်လယ်ကူးသင်္ဘောနှစ်စင်း အပါအဝင် စုစုပေါင်း ၁၇ စင်းနှင့် တံတားအစင်းရေ ၁၆ စင်းတို့ကို အပြည်ပြည်ဆိုင်ရာ ကုန်စီးဆင်းမှုနှင့် ၂၀၁၅ ခုနှစ်တွင် အာဆီယံဒေသတွင်း လွတ်လပ်သော အာဆီယံ ကုန်သွယ်မှုစနစ်များကို နိုင်ငံတော်အဝန်း ကဏ္ဍချုပ်ကိုင်မှုများမှ ကင်းလွတ်ပြီး ပုဂ္ဂလိကအခန်းကဏ္ဍ ပိုမိုမြင့်မားတိုးတက်လာစေရန် တို့ကို ရည်ရွယ်၍ ရန်ကုန်ဆိပ်ကမ်း ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းကို တိုင်းရင်းသား ပုဂ္ဂလိက စီးပွားရေးလုပ်ငန်းရှင်များ လက်ဝယ်သို့ B.O.T စနစ်ဖြင့် နှစ်တိုနှစ်ရှည် ဆောင်ရွက်သွားမည်ဖြစ်ပြီး ပင်လယ်ကူးသင်္ဘောကြီး ၃၃ စင်း တစ်ပြိုင်တည်းဆိုက်ကပ်နိုင်ပြီး ကုန်သေတ္တာ ၁၆၆၅၂ နှင့် ကုန်စည်တန်ချိန်သန်း ၁၀၀ အထိကို အနာဂတ်တွင် ကိုင်တွယ်သွားနိုင်မည့် ရန်ကုန်ဆိပ်ကမ်းကြီးများအဖြစ် တည်ဆောက်သွားမည်ဖြစ်ကြောင်း သက်ဆိုင်ရာဌာနမှ သိရသည်။ ။

...ခင်းဆောင်ရွက်

JJ

...ရွာဆုံးရွှေလေးကန်ရွာတန်းရှည်လမ်းမကြီးအား ...ို မူလကျောက်ကြမ်းလမ်းအကျယ် ၁၅ ပေနှင့် ...င်းတိုးချဲ့ခြင်း လုပ်ငန်းများဆောင်ရွက်လျက်ရှိရာ ...ဆရာတော် သံဃာတော်များ၊ ကျေးရွာအုပ်ချုပ်ရေး ...၂၀ တို့သည် မော်လူး-သက်ရင်းသာလမ်း တစ်မိုင် ...င်ရွက်ခဲ့ပြီး ရွာမှစေတနာရှင်များက အာဟာရ

(ခင်မောင်ဆွေ)

သောက်ပါ့မယ် ပျောက်တော့တီဘီရယ်

ပါမောက္ခဦးဝင်းနိုင်
(အဆုတ်နှင့်ရင်ခေါင်း အထူးကုဆရာဝန်ကြီး)

တစ်ခုသော တနင်္ဂနွေရဲ့ နံနက်ခင်းလေး၊ ကျွန်တော်ဆရာဝန် အိမ်မှာနားနေတဲ့အချိန် လူခေါ်ခေါင်းလောင်းလေးမြည်လာတယ်။ လူကြည့်ပေါက်ကလေးကနေကြည့်လိုက်တော့ အစ်မဝမ်းကွဲတော်သူ မမပိုပိုကို တွေ့လိုက်ရပါတယ်။ သူနဲ့တွဲပြီးပါလာသူက ကလေးမတစ်ယောက်၊ သူကတော့ နှာခေါင်းစည်းလေးစည်းထားလို့ပေါ့။ နှာခေါင်းစည်း စည်းထားတဲ့အတွက် ဘယ်သူမှန်းမသိရပေမယ့် မမပိုပိုဟာ ကျွန်တော်ရဲ့အစ်မဖြစ်တာကြောင့် ကျွန်တော်တံခါးကို ဖွင့်ပေးလိုက်ပါတယ်။

ကျွန်တော်ဆရာဝန်။ ။ဟော အစ်မပိုပိုတို့ပါလား။ ဝင်ကြပါ၊ ထိုင်ကြပါ၊ သူလေးက ဘယ်သူတုံး။

မေမေပိုပို။ ။မောင်လေးဆရာဝန်ရေ၊ ဒီနေ့ကပိတ်ရက်မို့လို့ နားနေမယ်ဆိုတာ သိပေမယ့် ဒီကသမီးကဲကဲ ကိစ္စအတွက်လာရတာ။

ကျွန်တော်ဆရာဝန်။ ။ ဟောဒါ သမီးကဲကဲလား။ တော်တော်တောင် အရွယ်ရောက်နေပြီပဲ။ နှာခေါင်းစည်းကြီးနဲ့ဆိုတော့ မမှတ်မိလိုက်တာ။

မေမေပိုပို။ ။ အင်း တို့မတွေ့တာ တော်တော်ကြာပြီ။ သမီးက အခုတတိယနှစ်ဆေးကျောင်းသူ (3rd MB) ဖြစ်နေပြီကွယ့်။

ကျွန်တော်ဆရာဝန်။ ။ သမီးကဲကဲက တယ်ဟုတ်ပါလား။ ကဲလာကြပါ၊ ထိုင်ကြပါ၊ လာရတဲ့ အကြောင်းအရင်းပြောကြပါဦး။ သမီးကဲကဲကလည်း နှာခေါင်းစည်းကြီးနဲ့ပါလား၊ ဘာအတွက်ကြောင့်တုံး။

မေမေပိုပို။ ။ မောင်လေးဆရာဝန်ရေ ၊ အဲဒီနှာခေါင်းစည်းကိစ္စနဲ့ပဲ လာရတာကွယ့်။ မင်းတူမကဲကဲက လွန်ခဲ့တဲ့ နှစ်လလောက်က ချောင်းဆိုးသွေးပါဖြစ်လိုက်တယ်။ အဲဒါနဲ့ မမတို့လည်း နီးရာဒေသန္တရဆေးခန်းမှာ သလိပ်စစ်လိုက်တော့ တီဘီပိုးရှိနေတာ တွေ့လိုက်တယ်။ တီဘီရောဂါသေချာလို့ တီဘီဆေးသောက်ရတယ်။ သက်လည်း သက်သာတယ်ကွယ်။ အခု နှစ်လရှိပြီ။ အတော်ကြီးကောင်းလာတယ်။ နှစ်လပြည့်တော့ သလိပ်မှာတီဘီပိုးရှိသေးလား ပြန်စစ်ကြတယ်။ တီဘီပိုးမရှိတော့ဘူး။ ဘာရောဂါလက္ခဏာမှလည်း မပြတော့ဘူး။အဲဒါနဲ့ တီဘီဆေးတိုက်တဲ့ဌာနက တီဘီဆေးကို ဆေးလုံးအကြီးကနေ အသေးလေးတွေကို ပြောင်းပေးလိုက်တာ။ အဲဒါ ဆက်သောက်ပါလို့ ပြောတာ၊ မင်းတူမကဲကဲက အခု ဆက်မသောက်ချင်တော့ဘူး။ ကောင်းနေပါပြီဆိုပြီး ပြောတာ။ အစ်မတို့နားလည်တာကတော့ တီဘီဆေးက သောက်ရင်ပြီးဆုံးအောင် ရောဂါပျောက်သည်အထိ ညွှန်းထားတဲ့အတိုင်း သောက်ရတယ်လို့ နားလည်တယ်။ အဲဒါ သူဆက်မသောက်တော့ဘူးလုပ်နေလို့ အဲဒါနဲ့ နောက်ဆုံး ကြံရာမရဖြစ်ပြီး မင်းဆီကို ခေါ်လာရတာ။

သမီးကဲကဲ။ ။ မဟုတ်ပါဘူး ဦးဦးဆရာဝန်ရေ ၊ သမီးကဲကဲကဖြင့် ဆေးသောက်ရတာ နှစ်လရှိပြီ ။ဆေးတွေကလည်း အကြီးကြီးပဲ။ တစ်ခါသောက် သုံးပြားကြီးတောင်၊ မနက် အိပ်ရာထပြီဆိုရင် ဘာအလုပ်မှမလုပ်ရသေးဘူး။ ဆေးပဲ စသောက်ခိုင်းတော့တာ။ နေ့စဉ်နဲ့အမျှ အခုဆို ရက်ခြောက်ဆယ်ကျော်နေပြီ။ မျိုချရတာလည်းခက်တယ်။ ဆီးအရောင်ကလည်း နီရဲနေတာပဲ။ ပြီတော့ သမီးက ကျောင်းသွားတဲ့အခါ စာတွေလိုက်ရင် မူးသလို၊ ရီသလိုလည်းရှိသေးတယ်။ အဲဒါကြီးကို ဆက်ပြီး သောက်ခိုင်းနေတာလေ။

ကျွန်တော်ဆရာဝန်။ ။သြော် . . . လာရင်းကိစ္စက ဒီအတွက်ကြောင့်ကိုး။ သမီးကဲကဲရဲ့ နှာခေါင်းစည်းကြီး ဖြုတ်လိုက်ပါဦး။ ချောင်းမဆိုးတော့ဘူး မဟုတ်လား။ ဆေးသောက်တာ နှစ်လကြာပြီ ချောင်းမဆိုးတော့ရင် နှာခေါင်းစည်း မလိုတော့ပါဘူးကွယ်။ သမီးကဲကဲက အခုနေလို့ ကောင်းသွားပြီလို့ ထင်လို့လား။ ရောဂါပျောက်နေပြီလို့ ထင်နေတယ်ပေါ့လေ။

သမီးကဲကဲ။ ။ ဟုတ်တယ် ဦးဦးဆရာဝန်ရဲ့။ သမီးက အခုဘာလက္ခဏာမှ မပြတော့ဘူး။ ချောင်းလည်းမဆိုးဘူး။ သွေးလည်းမပါဘူး။ ကိုယ်အလေးချိန်တောင် တိုးလာသေးတယ်။ သလိပ်စစ်တော့လည်း သလိပ်ကကောင်းကောင်းမထွက်တော့ဘူး။ စစ်ပြန်တော့လည်း သလိပ်မှာပိုးမရှိတော့ဘူးတဲ့။ နောက်ဓာတ်မှန်ရိုက်ကြည့်သေးတယ်။ ရိုက်ကြည့်တော့ ဓာတ်မှန်အဖြေကို သမီးဖတ်တတ်သားပဲ။ Lungs are Clear (အဆုတ်က ကောင်းနေပြီ) တဲ့။ အဲဒီတော့ သမီးဆေးဆက်မသောက်ချင်ဘူးလေ။ ဆေးတွေအကြောင်းလည်း သမီးသိပါတယ်။ side effect (ဘေးထွက်ဆိုးကျိုး) တွေက အများကြီးပဲဥစ္စာ။ ဒါနဲ့ ဆေးကိုရပ်မယ်ဆိုပြီး ရပ်တာ၊ မေမေက မရဘူး။ အတင်းတိုက်နေတာ၊ ဦးဦးဆရာဝန်ရယ် လုပ်ပါဦး၊ မေမေ့ကို ဝိုင်းပြောပေးပါဦး။ သမီးကအခုမှ 3rd MB ရှိသေးတာ၊ စာတွေကလည်း အများကြီးပဲ။ ဒီဆေးတွေသာ ဆက်သောက်နေရရင် မှတ်ဉာဏ်တွေလည်း ထိကုန်လိမ့်မယ်နဲ့ တူတယ်။

မေမေပိုပို။ ။ မောင်လေးဆရာဝန်ကြီးရယ်၊ ကြည့်လုပ်ပါဦး။ မမတို့ကြားဖူးတာတော့ တီဘီဆေးကို အချိန်မတန်ဘဲ ရပ်လိုက်ရင် ရောဂါမပျောက်ဘူး၊ ရောဂါပြန်ဖြစ်တတ်တယ်လို့ ကြားဖူးတယ်။ အဲဒါမဟုတ်ဘူးလား။

ကျွန်တော်ဆရာဝန်။ ။ ဟုတ်ပါတယ်။ ရပ်လို့မရဘူး မမရဲ့။ ရပ်လိုက်မယ်ဆိုရင် ရောဂါမပျောက်တဲ့အပြင် ပြန်ဖြစ်မယ်။ ပြန်ဖြစ်တဲ့အခါမှာ ရောဂါက ပိုဆိုးသွားမယ်။ ဆေးမတိုးတဲ့တီဘီ၊ တီဘီအပြင်းစားတွေ ဖြစ်သွားတတ်တယ်။ ပုံမှန်တီဘီဆေးတွေနဲ့ ကုမရတော့ဘူးဆိုပါစို့ မမရယ်။

သမီးကဲကဲ။ ။ ဟာ ဦးဦးဆရာဝန်ကလည်း၊ သောက်ရတာ နှစ်လပြည့်နေပြီ။ စိတ်ကိုရှည်ပြီး သည်းခံသောက်နေရတာ။

ကျွန်တော်ဆရာဝန်။ ။ သမီးပြောတာလည်း ဟုတ်တယ်။ ဒါပေမယ့် တီဘီကုထုံးတွေက ရှည်ရှည်ကြာကြာ ကြီးရယ် ၊ဟိုးအရင်ကဆိုရင် တစ်နှစ်၊ တစ်နှစ်ခွဲလောက်တောင် ကြာတတ်တယ်ကွယ့်။ ထိုးဆေးလည်း ပါသေးတယ်။ ခု နောက်ပေါ်တဲ့ ဆေးတွေကျတော့ ဆေးအာနိသင်ကောင်းလာပြီးတော့ ခြောက်လ အနည်းဆုံးသောက်ရင်ရပြီလေ။ ဒါပေမယ့် ခြောက်လထက်လျော့တဲ့ကုထုံးတော့ မရှိသေးဘူးကွယ့်။

သမီးကဲကဲ။ ။ ဦးဦးဆရာဝန်ရယ်၊ သောက်ရတဲ့ဆေးတွေကလည်း အများကြီး၊ မနက်မနက်ကျရင် ဆေးလုံးသုံးလုံးကြီးတောင် သောက်ရတာ။

ကျွန်တော်ဆရာဝန်။ ။ အင်း သမီးရေ၊ သမီးတို့ခေတ်မှာ ဆေးလုံးသုံးလုံးကို များတယ်လို့ပြောနေတာကိုး။ ဒီဆေးတွေက တကယ်တော့ သုံးလုံးမကဘူးကွယ့်။ ဒီဆေးတွေကို တီဘီဆေးအဖြစ်နဲ့ စတိုက်တုန်းကအတိုင်း သောက်ရမယ်ဆိုရင် ကနဦးတိုက်ခါစ နှစ်လမှာ ဆေးပြား ၁၁ ပြားကနေ ၁၄ ပြားလောက်အထိရှိတယ်။ ကနဦး နှစ်လပြီးလို့ နောက်ဆက်တွဲ လေးလဆက်တိုက်တဲ့အခါမှာ ဆေးပြား ငါးပြား၊ ခြောက်ပြားလောက်ရှိတယ်ကွယ့်။ ခုတော့ ဆေးတွေကို ပေါင်းလိုက်လို့ အလုံးရေနည်းသွားတာ။ ဒါတွေ ပေါင်းဖို့ဆိုတာလည်း လွယ်တဲ့ကိစ္စတော့ မဟုတ်ဘူး။ မတူတဲ့ ဆေးတစ်ခုနဲ့တစ်ခု ပေါင်းစပ်တဲ့အခါမှာ ဆေးအာနိသင် လျော့၊ မလျော့စမ်းသပ်ပြီး သေချာတော့မှပေါင်းပြီး သောက်ရလွယ်အောင် လုပ်ထားတာ သမီးရဲ့။

သမီးကဲကဲ။ ။ ဆေးတွေပေါင်းတာတော့ ဟုတ်ပါတယ်။ ဆေးတွေက အကြီးကြီးပဲ။ ဦးဦးဆရာဝန် မျိုကြည့်ပါလား။ တစ်လုံး တစ်လုံးကို မနည်းမျိုရတယ်။

ကျွန်တော်ဆရာဝန်။ ။ ဟုတ်ပါတယ် သမီးရယ်၊ ဆေးပြားတွေက အထိုက်အလျောက်ကြီးတယ်၊ မျိုရခက်တယ်ဆိုတာ ဦးတို့ကိုယ်ချင်းစာပါတယ်။ စသောက်ခါစကာလ နှစ်လပေ့ါနော်။ အဲဒီမှာတော့ ဆေးပြားတော်တော်ကြီးပါတယ်။ ဒါပေမယ့် သမီးဆက်သောက်ရမယ့် လေးလကတော့ ဆေးပြားလေးတွေ သေးသွားပြီလေကွယ်။

မေမေပိုပို။ ။ မောင်လေးဆရာဝန် စောစောက ပြောတဲ့အထဲမှာ မတူတဲ့ ဆေးအမျိုးအစားတွေ ပေါင်းထားတယ်လို့ ပြောတယ်။ အဲဒါ ဆေးအရေအတွက် နည်းသွားအောင်ပဲ ပေါင်းလိုက်တာလား။ တကယ်လို့များ ဆေးလုံးကြီးကြီးကို မျိုရခက်သူတွေအတွက်ဆိုရင် မပေါင်းဘဲနဲ့ တစ်ခုချင်းထားရင်ရော မကောင်းပေဘူးလား။ ဆေးအရေအတွက်များပေမယ့် မျိုရတာနည်းနည်းတော့ လွယ်သွားတာပေါ့ကွယ်။

ကျွန်တော်ဆရာဝန်။ ။ မမရေ၊ မမစဉ်းစားတာလည်း မှန်တယ်၊ တစ်ဖက်ကကြည့်တော့ ဆေးလုံးသေးတဲ့အတွက် မျိုရတာလွယ်တယ်။ ဒါပေမယ့် တစ်ဖက်ကပြန်ကြည့်ရင် ကဲကဲတို့လို ဆေးမသောက်ချင်တဲ့သူတွေအတွက် ဒီလိုဆေးပေါင်းထားတာက အားသာချက်ရှိနေတယ်။ ဥပမာအားဖြင့် ၁၁ လုံးသောက်ရမယ်ဆိုပါစို့။ ကိုယ်သောက်ချင်တဲ့ ဆေး ငါးလုံး၊ ခြောက်လုံးကိုသောက်ပြီးကျန်တဲ့ လေးလုံး၊ ငါးလုံးကို ချန်ထားခဲ့မယ်ဆိုရင် ဆေးလျှော့သောက်သလို ဖြစ်နေမယ်။ ဝင်တဲ့ဆေးလည်း ဝင်ပြီး၊ မဝင်တဲ့ဆေးလည်း မဝင်ဘဲ ဖြစ်နေမှာပေ့ါ။ အဲဒီအခါကျရင် လိုချင်တဲ့ အာနိသင်မရဘဲတီဘီပိုးဟာ ခေါင်းပြန်ထောင်ပြီး ဆေးယဉ်ပါးတဲ့ တီဘီဖြစ်လာနိုင်တယ်။ လူနာတွေ အနေနဲ့ အဲဒီလို သောက်လိုတဲ့ဆေးကို သောက်ပြီး မသောက်လိုတဲ့ ဆေးကို ဖယ်ထုတ်မှာစိုးတဲ့အတွက် ဆေးတွေကို ပေါင်းဖို့အတွက် ကြိုးစားခဲ့တာ ဖြစ်တယ်။ လူနာအနေနဲ့ မျိုရတာ ဆေးလုံးကြီးတယ်ဆိုပေမယ့် လူနာက သောက်ချင်တဲ့ဆေး ခွဲခြားသောက်ပြီး၊ မသောက်ချင်တဲ့ဆေး ဖယ်ထားလို့မရအောင် ပေါင်းထားပေးလိုက်တော့ ဆေးရဲ့အာနိသင် အပြည့်အဝရဖို့ သေချာသွားတာပေ့ါ။ ဒီလိုဆေး နှစ်မျိုးကနေ လေးမျိုးပေါင်းထားတဲ့ဆေး ပေးခဲ့တာ မကြာသေးဘူး မမရဲ့။ ကျွန်တော်တို့ ဆေးပညာအခေါ်အဝေါ်အရ Fixed Dose Combination (FDC) လို့ ခေါ်ပါတယ်။ လေးမျိုးပေါင်းထားရင် 4 FDC၊ နှစ်မျိုးပေါင်းထားရင် 2 FDC လို့ ခေါ်ပါတယ်။

သမီးကဲကဲ။ ။ ဦးဦးဆရာဝန်ရယ်၊ သောက်ရတာတော့ ဟုတ်ပါပြီ။ ဒါပေမယ့် တကယ့်ကို ပုံမှန်အလုပ်ကြီး လုပ်နေရတာ။ အိပ်ရာထပြီဆိုရင် ဘာမှမလုပ်ရသေးဘူး။ မေမေက ဆေးလာတိုက်ပြီ။ တစ်ခါတလေကျတော့ ကဲကဲတို့က ညဘက်စာကျက်လွန်တတ်တယ်လေ။ မနက်ကျတော့မထချင်ဘူးပေ့ါ။ မေမေကတော့ ပုံမှန်၊ အချိန်မှန်ကို လာလာနှိုးနေတော့တာ။ စာကျက်ဖို့မဟုတ်ဘူး။ ဆေးတိုက်ဖို့တဲ့။ အားကြီးစိတ်ရှုပ်ဖို့ကောင်းတယ်။

ကျွန်တော်ဆရာဝန်။ ။သမီးရေ၊ အဲဒါမေမေကို ကျေးဇူးတင်ရမှာ၊ တီဘီဆေးတွေ သောက်ရတာ အချိန်မှန်ရတယ်ကွယ့်။ မိနစ်ပိုင်းလောက် တိကျဖို့တော့မလိုဘူးပေ့ါ။ ဒါပေမယ့် မနက်ဆိုရင် မနက်သောက်ချိန်ဟာ တစ်နာရီအတွင်းလောက်ပဲ ကွာခြားသင့်တယ် သမီးရယ်။ အဲဒီလိုဆေးကို အချိန်မှန်မှန်သောက်ပေးမှ ခန္ဓာကိုယ်ထဲမှာရှိတဲ့ တီဘီပိုးတွေ ခေါင်းမထောင်နိုင်အောင် အလဲထိုးနိုင်မှာပေ့ါကွယ့်။ နောက် တီဘီဆေးသောက်ရတဲ့ကာလက တစ်သက်လုံး မဟုတ်ပါဘူးကွယ်။ လပိုင်းပဲ။ ဒီတော့ ကြိုးစားပြီးသောက်ရမှာပေ့ါ သမီးရယ်။

မေမေပိုပို။ ။မင်းတူမက ကြေးများလွန်းအားကြီးပါတယ်ကွယ်။ တီဘီဆေးတွေက ဘေးထွက်ဆိုးကျိုး (side effect) များတယ်ဆိုပြီး ငါ့ကို ဆရာလုပ်နေတယ်။

ကျွန်တော်ဆရာဝန်။ ။ဟုတ်လားသမီးကဲကဲ။ သမီးက အခုဆေးတွေအကြောင်း ဖတ်ထားတယ်ပေ့ါ။

သမီးကဲကဲ။ ။ သမီးက 3rd MB တက်နေတာလေ။ ဆေးကျောင်းတတိယနှစ်ဆိုတော့ ဆေးတွေအကြောင်းတော့ သိပါတယ်ဦးရဲ့။

ကျွန်တော်ဆရာဝန်။ ။ကဲဟုတ်ပါပြီ သမီးရယ်၊ ဒါဆိုရင် သမီးစာတွေ ဘယ်လောက်ရလဲလို့ ဦးကိုပြောပြပါဦး။ ဘယ်တီဘီဆေးတွေက ဘယ်လို side effect တွေရှိတယ်ဆိုတာပေ့ါ။

သမီးကဲကဲ။ ။သမီးဖြေမယ်နော်။ သမီးက တီဘီဆေးတွေသောက်နေရတဲ့သူဆိုတော့ ဆေးတွေအကြောင်းကို ဦးထက်တောင် ပိုမှတ်မိဦးမယ်ထင်တယ်။ တီဘီဆေးမှာ အဓိကဆေးလေးမျိုး၊ ထိုးဆေးနဲ့ပါဆိုရင် ငါးမျိုးရှိတယ်။ ဆေးနာမည်တွေ ပြောရမယ်ဆိုရင် Rifampicin, Isoniazid (INH), Ethambutol (ETB), Pyrazinamide (PZA) နဲ့ streptomycin တို့ပေ့ါ။

ကျွန်တော်ဆရာဝန်။ ။ဟာ တယ်ဟုတ်ပါလား။ ကဲဟုတ်ပြီ။ သမီးက ဆေးတစ်ခုချင်းစီရဲ့ မကောင်းတဲ့ side effect တွေကို ဦးကိုရွတ်ပြစမ်းပါကွယ်။

သမီးကဲကဲ။ ။တီဘီဆေးတွေထဲက အရေးကြီးတဲ့ Rifampicin ကစပြောမယ်။ Rifampicin က ဆီးအရောင်ကို အနီရောင်၊ လိမ္မော်ရောင်ဖြစ်စေတဲ့ဆေးပေ့ါ။ သူ့ရဲ့အဓိက side effect ကအသည်းကို ရောင်စေတယ်။ အသည်းရဲ့အင်ဇိုင်းဓာတ်တွေဖြစ်တဲ့ ALT,AST တက်စေတယ်။ အသားဝါဓာတ် (Serum Bilirubin) တက်စေတယ်။ရံဖန်ရံခါ သွေးထဲမှာရှိတဲ့ သွေးဥမွှား (Platelet Count)ကို လျော့နည်းစေတယ်။ ရှားရှားပါးပါးတော့ Flu-like reaction လို့ခေါ်တဲ့ ဆေးသောက်ပြီးရင် ချမ်းတုန်ပြီး ဖျားတတ်တဲ့ side effect လည်းရှိသေးတယ်။ အသားရောင်ကိုလည်း ညိုမည်းစေတတ်တယ်။ Rifampicin ဆေးဟာ အခြားဆေးတွေနဲ့လည်း ဓာတ်ပြုသေးတယ်။ ဥပမာအားဖြင့် ပဋိသန္ဓေတားဆေး (Contraceptive Pills) တွေနဲ့ တွဲသောက်ရင် Contraceptive Pills တွေရဲ့ပဋိသန္ဓေတားတဲ့ အာနိသင် လျော့သွားပြီးတော့ ကိုယ်ဝန်ရနိုင်တယ်။

ကျွန်တော်ဆရာဝန်။ ။ ဟာ သမီးက စာတော်တော်ရတာပဲ။ ဒါဆိုနောက် ဆေးတစ်မျိုးပြောကြည့်ပါဦးကွယ်။

သမီးကဲကဲ။ ။ ဆက်ပြောမယ်နော် ဦးဦးဆရာဝန်၊ နောက်တစ်မျိုးကတော့ အရေးကြီးတဲ့ ဆေးဖြစ်တဲ့ INH ဖြစ်တယ်။ အဲဒီ INH လို့ခေါ်တဲ့ Isoniazid ဆေးကလည်း အသည်းကို ထိခိုက်တယ်။ အသားဝါဓာတ် (Serum bilirubin)နှင့် အသည်းအင်ဇိုင်း (ALT,AST)တွေကို တက်စေတယ်။ Peripheral Neuropathy ခေါ်တဲ့ ထုံကျဉ်ခြင်းကိုလည်း ဖြစ်စေတတ်တယ်။ ဒါကို သက်သာစေချင်တယ်ဆိုရင်တော့ B6 ဆေးနဲ့တွဲပေးကြတယ်လေ။

ကျွန်တော်ဆရာဝန်။ ။ကဲ ဆက်ပြောပါဦး သမီးရဲ့၊ နောက်ဆေးတစ်မျိုး။

သမီးကဲကဲ။ ။နောက်တစ်မျိုးဆိုရင် ETB ခေါ်တဲ့ Ethambutol ကတော့ Optic Neuriltis ခေါ်တဲ့ အမြင်အာရုံကြောကို ရောင်ရမ်းစေတယ်လို့ ပြောတယ်။

ကျွန်တော်ဆရာဝန်။ ။ ဟုတ်တယ်သမီးကဲကဲရေ။ Ethambutolက Optic Neuriltis ကို ရစေတဲ့အတွက် အမြင်အာရုံကြောကို ထိခိုက်စေနိုင်တယ်။ သိပ်ပြီး လွန်ကဲသွားရင် မျက်စိကွယ်နိုင်တာပေ့ါ။ ဒါပေမယ့် အဖြစ်များလှတယ်မဟုတ်ပါဘူး။ လူကြီးတွေကတော့ အမြင်အာရုံထိခိုက်ရင် စောစောစီးစီးသိပြီး ပြောနိုင်တော့ လူကြီးတွေကို စိတ်ချလက်ချပေးနိုင်တာပေ့ါ။ ကလေးတွေကျတော့ အသက်ငယ်လွန်းအားကြီးရင် မပြောပြတတ်ဘူးလေ။ အဲဒီတော့ ငယ်လွန်းတဲ့ကလေးတွေကို ပေးတဲ့ တီဘီကုထုံးထဲမှာတော့ Ethambutol ကို ဖယ်ထားလေ့ရှိတယ်။ ကဲနောက်တစ်မျိုး ဆက်ပြောပါဦးသမီးရေ။

သမီးကဲကဲ။ ။နောက်ကျန်တဲ့တစ်မျိုးကတော့ PZA လို့ခေါ်တဲ့ဆေးလေ။ Pyrazinamide ပေ့ါ။ သူကတော့ တီဘီဆေးကုထုံးတွေမှာ ပထမနှစ်လပဲ တွဲပေးတဲ့ ဆေးမဟုတ်လား ဦးဦးရဲ့။

ကျွန်တော်ဆရာဝန်။ ။ ဟုတ်တယ်သမီးရေ။PZA က ပထမ နှစ်လလောက်ပဲ သူ့ရဲ့အာနိသင်က ပိုထိရောက်တာ။ တီဘီရောဂါသက်သာလာတဲ့ နောက်ပိုင်းလတွေမှာ PZA ရဲ့အာနိသင်က သိပ်မကောင်းတော့ဘူး။ ဒါကြောင့်မို့လို့ သူ့ကို ပထမနှစ်လကလွဲပြီး နောက်ပိုင်းလတွေမှာ ပေးလေ့မရှိဘူး။ သမီးက PZA ရဲ့ side effect လေးတွေ ပြောကြည့်ပါဦး။

သမီးကဲကဲ။ ။ PZA ကလည်း အသည်းကို ထိခိုက်စေတယ်။ စောစောကပြောခဲ့တဲ့ Serum Bilirubin, ALT, AST အားလုံးကို တက်စေတယ်။ နောက်ပြီး Gout လို့ခေါ်တဲ့ အဆစ်ရောင်ရောဂါကို ဖြစ်စေတယ်။ Uric Acid ဓာတ်တွေ တက်တတ်တယ်။ Gout ရောဂါရှိတဲ့သူတွေဆိုရင် တီဘီဆေးသောက်ပြီး အဆစ်နာတယ်လို့ ပြောကြတာပေ့ါ။ သမီးကတော့ စသောက်တဲ့ နှစ်လအတွင်းမှာ PZA ပါမှန်းသိတယ်။ ဒါပေမယ့် အဆစ်မနာပေါင်။

ကျွန်တော်ဆရာဝန်။ ။PZA ကြောင့် Uric Acid တော့ တက်တတ်ပါတယ်။ Gout ရောဂါရှိပြီးသား သူတွေလောက်ပဲ အဆစ်နာတာကွဲ့။ Gout မရှိတဲ့သူတွေကတော့ တချို့က ဘာမှလုံးဝမခံစားရပါဘူး။ တချို့တော့လည်း အဆစ်လေးနည်းနည်း တောင့်တင်းတယ်လို့ ပြောတာပေ့ါ။ အဆစ်နာတာမဖြစ်ရင် ဘာဆေးမှ ထပ်သောက်စရာ မလိုပါဘူး။ တကယ်လို့ Gout ရောဂါလည်း ရှိမယ်၊ အဆစ်တွေလည်း သိပ်နာနေမယ်ဆိုရင် Allopurinol လို့ခေါ်တဲ့ဆေးနဲ့ တွဲပေးလေ့ရှိပါတယ်။ နည်းနည်းတော့ သက်သာရာရတာပေ့ါကွယ်။ ကဲ နောက်ဆုံးဆေးတစ်မျိုး ပြောကြည့်ပါဦး။

သမီးကဲကဲ။ ။ Streptomycin လို့ခေါ်တဲ့ ထိုးဆေးလေ။ သမီးက ဒီတစ်ခါ ပထမဦးဆုံးဖြစ်တာဖြစ်လို့ Streptomycin မထိုးရတာ ကံကောင်းတယ်လို့ ပြောရမှာပေ့ါနော် ဦးဦး။

ကျွန်တော်ဆရာဝန်။ ။ဟုတ်တယ် သမီးရေ၊ Streptomycin ကတော့ ပထမအကြော့ကုထုံးမှာ ထည့်သုံးလေ့မရှိဘူး။ ဒုတိယအကြော့ကုထုံးမှာတော့ သုံးရလေ့ရှိတယ်။ တကယ်လို့ သမီးကဲကဲ အခုပထမအကြော့ကုထုံးကို သေချာမကုလို့ မပျောက်ခဲ့ရင် သမီး ဒုတိယအကြော့ကုထုံးကို သွားရလိမ့်မယ်။ အဲဒီအခါကျရင် ထိုးဆေးပါတော့မှာနော်။ ထိုးဆေးက အနည်းဆုံး နှစ်လတိတိ ဆက်တိုက်ထိုးခံရမှာ။

သမီးကဲကဲ။ ။ ကြောက်တောင် ကြောက်လာပြီ ဦးရေ။ Streptomycin က ထိုးရင် နာတယ်လေ။ နောက်သူ့ရဲ့ side effect တွေလည်း အများကြီးရှိပါသေးတယ်။ သူ့ရဲ့ side effect တွေထဲမှာ အဓိကကတော့ ကျောက်ကပ်ကိုလည်း ထိခိုက်တတ်တယ်။ အာရုံကြောတွေကိုလည်း ထိခိုက်စေတတ်တယ်။ အထူးသဖြင့်တော့ အကြားအာရုံကြောကို ထိခိုက်စေတဲ့အတွက် မူးဝေတတ်တယ်။ နားလေး၊ နားပင်းသွားနိုင်တယ်။ သမီးပြောတာတွေ ဟုတ်ရဲ့လား ဦးဦး။

ကျွန်တော်ဆရာဝန်။ ။သမီးကဲကဲက စာတော်တော်ရတာပဲ မမရဲ့၊သူက နေသာမကောင်းဘူးပြောတာ၊ ဆေးတွေအကြောင်း တော်တော်လေးဖတ်ထား၊ မှတ်ထားတာ ကျေညက်နေတာပဲ။

မေမေပိုပို။ ။မင်းတူမက ရောဂါဖြစ်လို့ ဆေးသောက်ရမယ်ဆိုတော့ ဆေးတွေအကြောင်းကို ဖတ်ထားတာလေ။ ဒါကြောင့် သူကဆေးတွေအကြောင်းကို ကျေညက်နေတာ။ ဒါနဲ့ နေပါဦး။ ဒီဆေးတွေသောက်ရင် ခန္ဓာကိုယ်ရဲ့ကြီးထွားမှုကို ထိခိုက်စေတတ်သေးလားကွယ့်။ မှတ်ဉာဏ်တွေ၊ ဘာတွေရော ထိခိုက်နိုင်သေးလား။

ကျွန်တော်ဆရာဝန်။ ။ မမရေ၊ တီဘီရောဂါကသာ လူတွေရဲ့ကြီးထွားမှုကို ထိခိုက်တာ။ တီဘီဆေးကတော့ အဲဒီလို မထိခိုက်ပါဘူး။ တီဘီပိုးတွေကြောင့်သာ ဦးနှောက်အမြှေးရောင်တာကို ဖြစ်စေနိုင်တာပါ။ TB Menigitis ခေါ်တယ်လေ။ တီဘီဆေးတွေကြောင့်တော့ မှတ်ဉာဏ်မထိခိုက်နိုင်ပါဘူး။

မေမေပိုပို ။ ။ တီဘီဆေးတွေကို ခြောက်လ၊ ရှစ်လ သောက်ပြီးတော့ ဒီဆေးတွေရဲ့ side effect က တစ်သက်လုံး ကျန်နေမှာလား။ တချို့က ပြောကြတယ်။ ငယ်ငယ်က တီဘီဆေးသောက်ခဲ့ရလို့ ကြီးလာတော့ မှတ်ဉာဏ်တွေ မကောင်းတော့ဘူးတဲ့၊ စတာတွေပေ့ါကွယ်။

ကျွန်တော်ဆရာဝန်။ ။ အဲဒါက ပိုပြောကြတာပါ။ တီဘီဆေးက သောက်နေတဲ့ကာလအတွင်းမှာ အသည်းတို့၊ ကျောက်ကပ်တို့ ထိခိုက်နိုင်ပါတယ်။ ဒါပေမယ့် အဲဒီဆေးသောက်ကာလ ပြီးဆုံးပြီးတဲ့နောက်ပိုင်းမှာ ဆက်ပြီးထိခိုက်နိုင်စရာအကြောင်း မရှိတော့ဘူးလေ။

မေမေပိုပို။ ။တီဘီဆေးတွေမသောက်ခင် အသည်းတို့၊ ကျောက်ကပ်တို့ စစ်ထားရင်ရော မကောင်းဘူးလားကွယ့်။ ဒါဆိုရင် ပိုသတိထားလို့ရတာပေ့ါ။

ကျွန်တော်ဆရာဝန်။ ။စစ်ထားနိုင်ရင်တော့ ကောင်းပါတယ်။ တီဘီအဖြစ်များတဲ့နိုင်ငံတွေကတော့ လူတိုင်းကို စစ်နေရမယ်ဆိုရင် အကုန်အကျသိပ်များမယ်။ ဆေးဖိုးထက် ဆေးစစ်ခက ပိုပြီးများနေမယ်ဆိုတဲ့ အဓိပ္ပာယ်ပေ့ါ။ စောစောက သမီးကဲကဲ ရွတ်ပြခဲ့တဲ့ side effect တွေက ရှိတယ်ဆိုပေမယ့် လူတိုင်းကို ဒုက္ခပေးတာတော့ မဟုတ်ပါဘူး။ ရာခိုင်နှုန်း နည်းနည်းလောက်ပဲ ဖြစ်တာပါ။ ဒီတော့ ဆေးပေးနေရင်းနဲ့ ဒီ side effect တွေ ပေါ်လာမလားစောင့်ကြည့်ပြီး လိုအပ်ရင် လိုအပ်သလို စစ်မယ်ဆိုရင်လည်း အကုန်အကျနည်းပြီး အဆင်ပြေနိုင်ပါတယ်။

မေမေပိုပို ။ ။ တကယ်လို့ စစ်ကြည့်မယ်ဆိုရင် ဘာတွေစစ်ရင် ကောင်းမလဲကွယ့်။

ကျွန်တော်ဆရာဝန်။ ။ အသည်းဆိုတော့ အသည်းနဲ့ဆိုင်တဲ့ လုပ်ဆောင်ချက်တွေ (Liver function test)ပေ့ါ။ နောက် အသည်းရောဂါအခံ ရှိ၊ မရှိ၊ ဘီပိုး၊ စီပိုး၊ HIVပိုးတို့ အပါအဝင်ပေ့ါ။ ဒါတွေကို သွေးကနေစစ်ရင် ရတယ်လေ။ နောက် အသည်းမှာ အသည်းခြောက်တာ၊ အသည်းရောင်တာ ရှိ၊ မရှိကို Ultrasound နဲ့ စစ်နိုင်သေးတယ်။ နောက်ကျောက်ကပ်ဆိုရင်လည်း ကျောက်ကပ်အတွက် သွေးစစ်တာ၊ ဆီးစစ်တာလုပ်နိုင်ပါတယ်။ *(ဆက်လက်ဖော်ပြပါမည်)*

မြန်မာနိုင်ငံမြောက်ပိုင်းဒေသများတွင် နေရာကွက်ကျား မိုးဆက်လက်ထစ်ချုန်းရွာနိုင်

နေပြည်တော် ဧပြီ ၂၂

ယနေ့နံနက် ၉ နာရီခွဲထိ မိုးလေဝသတိုင်းထွာချက်အကျဉ်းချုပ်

လွန်ခဲ့သော ၂၄ နာရီအတွင်းက တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် နေရာကျဲကျဲ၊ စစ်ကိုင်းတိုင်းဒေသကြီး အထက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီးနှင့် ချင်းပြည်နယ်တို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာခဲ့ပြီး ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းခဲ့သည်။ **နေ့အပူချိန်များမှာ** ကချင်ပြည်နယ်တွင် ဧပြီလ၏ ပျမ်းမျှအပူချိန်ထက် ၅ ဒီဂရီစင်တီဂရိတ်၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ မကွေးတိုင်းဒေသကြီးနှင့် ချင်းပြည်နယ်တို့တွင် ဧပြီလ၏ ပျမ်းမျှအပူချိန်တို့ထက် ၃ ဒီဂရီစင်တီဂရိတ်မှ ၄ ဒီဂရီစင်တီဂရိတ်ထိပိုခဲ့ပြီး ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် ဧပြီလ၏ ပျမ်းမျှအပူချိန်ခန့်သာရှိခဲ့သည်။ **ထူးခြားသည့်နေ့အပူချိန်များမှာ** ချောက်မြို့တွင် ၄၅ ဒီဂရီစင်တီဂရိတ်၊ မင်းဘူးမြို့နှင့် ဘော်လခဲမြို့တို့တွင် ၄၄ ဒီဂရီစင်တီဂရိတ်စီတို့ဖြစ်ကြသည်။ **မှတ်သားဖွယ်ရာ မိုးရေချိန်များမှာ** မိုးကုတ်မြို့တွင် ၁ ဒသမ ၁၈ လက်မ၊ သီပေါမြို့တွင် သုည ဒသမ ၅၁ လက်မနှင့် ခန္တီးမြို့တွင် သုည ဒသမ ၄၃ လက်မတို့ ဖြစ်ကြသည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေ

ဘင်္ဂလားပင်လယ်အော်မြောက်ပိုင်းတွင် တိမ်အသင့်အတင့်ဖြစ်ထွန်းနေပြီး ကပ္ပလီပင်လယ်ပြင်နှင့် ကျန်ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်နေသည်။

မြန်မာ့ပင်လယ်ပြင်အခြေအနေ

လှိုင်းအသင့်အတင့်ရှိမည်။

နောက်နှစ်ရက်အတွက်ခန့်မှန်းချက်

မြန်မာနိုင်ငံမြောက်ပိုင်းဒေသများတွင် နေရာကွက်ကျား မိုးဆက်လက်ထစ်ချုန်းရွာနိုင်သည်။

လေလံ/ B.0.T တံတားဂိတ်များ သတ်မှတ်နှုန်းထားအတိုင်း တိကျစွာကောက်ခံနိုင်ရေးအတွက် တွက်ချက်မှုဇယားများ ဆောက်လုပ်ရေးဝန်ကြီးဌာနက ထုတ်ပြန်

နေပြည်တော် ဧပြီ ၂၂

ဆောက်လုပ်ရေးဝန်ကြီးဌာနသည် ၂၀၁၂-၂၀၁၃ ဘဏ္ဍာနှစ် တံတားအသုံးပြုခကောက်ခံရေး လေလံလုပ်ကိုင်ခွင့် ပေးအပ်ရာတွင် ယခင်နှစ်များကဲ့သို့ ချိပ်ပိတ်တင်ဒါစနစ်ဖြင့် ဈေးအများဆုံးလေလံတင်သွင်းသူကို လုပ်ကိုင်ခွင့်ပေးအပ်ခြင်း မပြုတော့ဘဲ စနစ်တကျစုဖွဲ့ကာ (၁)နှစ်စာ စံနှုန်းကောက်ယူထားသော ကြမ်းခင်းဈေးကိုအခြေခံ၍ လေလံ/ B.0.T တံတားဂိတ်များတွင် ၈၅ ရာခိုင်နှုန်းကို နိုင်ငံတော်သို့ပေးသွင်းစေပြီး ၁၅ ရာခိုင်နှုန်းကို လုပ်ကိုင်ခွင့်ရသူ၏ ဝန်ဆောင်မှုနှင့် လုပ်ငန်းအကျိုးအမြတ်အဖြစ် သတ်မှတ်ပေးထားသည်။

တံတားများအား ပေ ၁၈၀ မှ ပေ ၁၀၀၀ အောက်ကို သာမန်တံတားအဆင့်(ဃ)၊ ပေ ၁၀၀၀ မှ ပေ ၅၀၀၀ အောက်ကို စီမံကိန်းတံတားအဆင့်(ဂ)၊ ပေ ၅၀၀၀ မှ ပေ ၈၀၀၀ အောက်ကို စီမံကိန်းတံတား အဆင့်(ခ)နှင့် ပေ ၈၀၀၀ နှင့်အထက်ကို စီမံကိန်းတံတားအဆင့်(က)ဟူ၍ ခွဲခြားပြီး လေလံမဲစနစ်ဖြင့် လုပ်ကိုင်ခွင့်ပေးအပ်ထားသည့်အတွက် ဆောက်လုပ်ရေးဝန်ကြီးဌာနက သတ်မှတ်ပေးထားသော ယာဉ်အမျိုးအစားအလိုက်၊ ဝင်ရိုးတန်းအလိုက်၊ တံတားအမျိုးအစားအလိုက် သတ်မှတ်နှုန်းထားအတိုင်းသာ ကောက်ခံရေးစာချုပ်တွင် ထည့်သွင်းထားပြီးဖြစ်ကြောင်းနှင့် ကျသင့်နှုန်းထားအတိုင်းသာ တံတားဖြတ်သန်းခ ပေးဆောင်စေရေး တွက်ချက်မှုဇယားများကို ပြည်သူများ၊ ယာဉ်မောင်း/ယာဉ်ပိုင်ရှင်များသိရှိနိုင်ရန် အသေးစိတ် တွက်ချက်ထုတ်ပြန်ထားကြောင်းနှင့် လမ်းနှင့်တံတားအသုံးပြုခများကို ကောက်ခံသည့်နှုန်းထားအတိုင်း အတိအကျပေးဆောင်ရန် အတွက် ငွေအကြွေဆောင်ထားရန် ဆောက်လုပ်ရေးဝန်ကြီးဌာနက မေတ္တာရပ်ခံထားကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

အားကစားမြှင့်တင် စိတ်လန်းရွှင် ဆန့်ကျင်မှူးယစ်ဆေး

ဂျူပင်တပ်အသင်း နွေရာသီဈေးကွက်အကြိုအဖြစ် ရော်ဘင်ဗန်ပါစီ၏ ကိုယ်စားလှယ်နှင့် တွေ့ဆုံ

လန်ဒန် ဧပြီ ၂၂

ဂျူဗင်တပ်အသင်းသည် ၎င်းတို့ စိတ်ဝင်စားလျက်ရှိသော အာဆင်နယ်အသင်း၏ အားအထားရဆုံးကစားသမား ဗန်ပါစီအား ယခုနှစ်နွေရာသီအပြောင်းအရွှေ့ကာလတွင် ခေါ်ဆောင်နိုင်ရေး ၎င်း၏ကိုယ်စားလှယ်နှင့် တွေ့ဆုံဆွေးနွေးခဲ့ကြောင်း အီတလီသတင်းဌာနများက သတင်းထုတ်ပြန်သည်။

အာဆင်နယ်အသင်းခေါင်းဆောင် ရော်ဘင်ဗန်ပါစီသည် အမ်းမရိတ်ကွင်း၌ ၂၀၁၃ ခုနှစ်အထိကစားရန် စာချုပ်ချုပ်ဆိုထားသော်လည်း လက်ရှိအနေအထားအရ အာဆင်နယ်အသင်းနှင့် ကတိပြုထားသည့်စာချုပ်ကို ချိုးဖျက်တော့မည်လားဆိုသည်မှာ စောင့်ကြည့်ရမည့် အနေအထားတွင်ရှိကြောင်း သတင်းများက ဆိုသည်။

ရော်ဘင်ဗန်ပါစီသည် အာဆင်နယ်အသင်းအတွက် FA Cup ကို ရယူနိုင်ခဲ့သူဖြစ်ပြီး ဥရောပအသင်းအများအပြားကလည်း ၎င်းအားခေါ်ယူနိုင်ရန် စိတ်ဆန္ဒပြင်းပြလျက်ရှိကြောင်း သတင်းဖော်ပြသည်။

ထိုသို့ ဗန်ပါစီအား ခေါ်ယူလိုသည့် အသင်းများ များစွာရှိနေစဉ်တွင် ဂျူဗင်တပ်အသင်းက ဒတ်ချ်နိုင်ငံသား တိုက်စစ်မှူး ဗန်ပါစီအား ခေါ်ယူရန် ယခုသီတင်းပတ်အတွင်း ၎င်း၏ ကိုယ်စားလှယ်နှင့် တွေ့ဆုံဆွေးနွေးခဲ့သည်ဟု ဆိုသည်။

တွေ့ဆုံဆွေးနွေးပွဲ၌ ဗန်ပါစီ၏ ကိုယ်စားလှယ်က ဗန်ပါစီအသင်းပြောင်းရွှေ့မှုနှင့်ပတ်သက်၍ စောစောစီးစီး အဖြေမပေးနိုင်ကြောင်းနှင့် ဂျူဗင်တပ်အသင်းအနေဖြင့်လည်း ၎င်းအား အသင်းခေါင်းဆောင်အဖြစ်ပင် ခန့်အပ်ရန် ရည်ရွယ်ထားကြောင်းဆိုသည်။

အင်တာနက်။

နိုင်လင်းကြည်

ဘောလုံးသမားပီသအောင်ပြုလုပ်ရန် ဘာလော့တယ်လီ သန္နိဋ္ဌာန်ချ

မန်ချက်စတာ ဧပြီ ၂၂

မန်ချက်စတာစီးတီးအသင်း တိုက်စစ်မှူး ဘာလော့တယ်လီသည် မန်စီးတီးအသင်း၌ ဆက်လက်ကစားရန် ဆန္ဒရှိနေခြင်းကြောင့် ၎င်း၏ ဘောလုံးသမားမပီသသည့် အပြုအမူများကို စင်ကြယ်အောင် ပြုလုပ်ရန် သန္နိဋ္ဌာန်ချလိုက်ကြောင်း ဘာလော့တယ်လီက ပြောကြားခဲ့သည်။

အလားအလာရှိ

အီတလီနိုင်ငံသား တိုက်စစ်မှူး ဘာလော့တယ်လီအား ပြီးခဲ့သည့် ၁၀ ရက်က အာဆင်နယ်အသင်းနှင့် ယှဉ်ပြိုင်သည့် ပြိုင်ပွဲသည် ၎င်း၏ နောက်ဆုံးပွဲအဖြစ် သတ်မှတ်ကာ ယခုနှစ် နွေရာသီ အပြောင်းအရွှေ့ကာလတွင် ဘာလော့တယ်လီအား ရောင်းချမည့်အလားအလာများရှိနေကြောင်း မန်စီးတီးနည်းပြ ရောဘတ်တို မန်စီနီက ပြောကြားခဲ့ကြောင်း သတင်းတွင် ဖော်ပြသည်။

သို့သော် ဘာလော့တယ်လီအနေဖြင့် လက်ရှိကလပ် မန်စီးတီး၏ အီတီဟက်ဒ်ကွင်း၌သာ ကစားလိုကြောင်း၊ ၎င်း၏ ဘောလုံးသမားဂုဏ်သိက္ခာကို ပြန်လည်ဆယ်ယူရန် ဆုံးဖြတ်လိုက်ခြင်းဖြစ်ကြောင်း ဘာလော့တယ်လီက ပြောကြားခဲ့သည်။

တိုက်စစ်မှူး ဘာလော့တယ်လီသည် ၎င်းနှင့်နည်းပြ မန်စီနီတို့၏ ဆက်ဆံရေးမှာလည်း ကောင်းမွန်ကြောင်း၊ လက်ရှိအသင်းမှ ထွက်ခွာရန် ဆန္ဒမရှိကြောင်းနှင့် ၎င်း၏ အနေအထိုင် အပြောအဆိုများကို ပြောင်းလဲပစ်မည်ဟု ကတိပြုခဲ့ကြောင်း အီတလီသတင်းစာ Gazzetta Dello Sport နှင့် တွေ့ဆုံမေးမြန်းရာ၌ ဘာလော့တယ်လီက ထုတ်ဖော်ပြောကြားခဲ့သည်ဟု ဆိုသည်။

ထို့ပြင် ၎င်းနှင့်ပတ်သက်၍ စိတ်အနှောင့်အယှက် ဖြစ်စေမည့် သတင်းများ ဖော်ပြခြင်း မပြုရန်လည်း မီဒီယာများကို တောင်းဆိုထားခဲ့ကြောင်း ဘာလော့တယ်လီက ပြောကြားခဲ့သည်။

အင်တာနက်။

မန်ချက်စတာစီးတီးအသင်း တိုက်စစ်မှူး ဘာလော့တယ်လီ ။

● ရှန်ဟိုင်းရှင်ဟွာသို့မှ

ဒရော့ဘာသည် ယခုနှစ်ရာသီကုန်ပါက တစ်ပတ်လုပ်ခ ပေါင် ၁၃၀၀၀၀ ဖြင့် ရှန်ဟိုင်းရှင်ဟွာအသင်းနှင့် နှစ်နှစ်စာချုပ်ချုပ်ဆိုရန် မျှော်လင့်ထားသည်။ သို့သော် ချယ်လ်ဆီးအသင်းကမူ ဒရော့ဘာက ရှန်ဟိုင်းရှင်ဟွာ၌ နှစ်နှစ်ကစားလိုသော်လည်း တစ်နှစ်သက်တမ်းစာချုပ်ကိုသာ ချုပ်ဆိုရန် ပြောကြားခဲ့သည်ဟု ဆိုသည်။

ချယ်လ်ဆီးအသင်းသည် လက်ရှိတွင် ပရီမီယာလိဂ်အဆင့် (၆)နှင့် ချန်ပီယံလိဂ်တွင်လည်း အောင်ပွဲခံရန် ကြိုးပမ်းနေသည့်အသင်းဖြစ်ပြီး မိမိတို့အသင်း လာမည့်ရာသီကုန်တွင်လည်း အောင်ပွဲများရရှိရန် ဒရော့ဘာအား တစ်နှစ်သွားရောက်ကစားခွင့်ပြုရေးနှင့် ပတ်သက်၍ စဉ်းစားရခက်နေသည်ဟု ဆိုသည်။

အင်တာနက်။

❍ ဂျပန်မှ

ဘောလုံးများသည် ဆူနာမီနှင့် ပတ်သက်၍ ဂျပန်သို့နောက်ကြောင်းပြန် ခြေရာကောက်နိုင်မည့် ဆူနာမီအပျက်အစီးများအနက် ပထမဆုံး အစိတ်အပိုင်းများဖြစ်ကြောင်း အမျိုးသားသမုဒ္ဒရာနှင့် လေထုဆိုင်ရာစီမံခန့်ခွဲမှုအဖွဲ့မှ ဒတ်ဟယ်လ်တန်က ပြောကြားသည်။

မစ်ဒယ်လ်တန်ကျွန်းသည် အလာစကာ ပင်လယ်ကွေ့ရှိ ကော်ဒိုဗာနှင့် နီးကပ်စွာ တည်ရှိပြီး အမေရိကန်ပြည်မကြီးနှင့် မိုင် ၇၀ ခန့် ဝေးကွာသည်။

(စီဘီအက်စ်)

အင်္ဂလိပ်ပရီမီယာလိဂ် ပွဲစဉ် (၃၅)
အနိုင်/အရှုံးရလဒ်များ

၂၂-၄-၂၀၁၂

မန်ယူ	၄	-	၄	အဲဗာတန်
လီဗာပူး	၀	-	၁	ဝက်စ်ဘရွန်း
ဝုလ်ဗာဟမ်တန်	၀	-	၂	မန်စီးတီး

သတိပြုဆင်ခြင်စရာမှုခင်းအဖြာဖြာ

အလှူနှင့်မင်္ဂလာဆောင်သွားနေစဉ် အိမ်မှုပစ္စည်းပျောက်

မိတ္ထီလာ ဧပြီ ၂၂

မိတ္ထီလာမြို့ ပြည်သာယာတောင် ၂ လမ်းနှင့် ၃ လမ်းကြားနေ ဒေါ်ဝင်းမြထွန်း(ခ) ဒေါ်နွယ်နီသည် ဧပြီ ၉ရက်က ခင်ပွန်းဖြစ်သူ ဦးကျော်စွာဝင်းနှင့်အတူ မိတ္ထီလာမြို့တွင်းရှိ တော်ဝင်နန်း၌ ကျင်းပသည့် မင်္ဂလာဆောင်တစ်ခုနှင့် နဂါးရုံဘုရားတွင် ပြုလုပ်သည့် အလှူပွဲတစ်ခုသို့ သွားရောက်ခဲ့သည်ဆို၏။ အလှူမှအပြန် အိမ်တံခါးပေါက်အား ဖွင့်မည်ပြုစဉ် တံခါးဘုလုံးမှာ ပျက်နေ၍ မသင်္ကာသဖြင့်ကြည့်ရှုရာ အဝတ်အစားများဖွထားပြီး သံဗီရိုတံခါးမှာ ပျက်စီးနေ၍ အတွင်းရှိ ပတ္တမြားဆွဲသီးတစ်ခု၊ ဆွဲကြိုး၊ မကင်းပုံပါ ရွှေကလပ်တစ်ခု၊ ရွှေဆွဲကြိုးတစ်ကုံး စုစုပေါင်း ကျပ် ၃၀၅၀၀၀၀ ဖိုးခန့် ပျောက်ဆုံးနေသဖြင့် အမှတ် (၃)ရဲစခန်းသို့ အမှုဖွင့်တိုင်ကြားခဲ့ရာ ရဲစခန်း(ပ) ၆၄/၂၀၁၂ ပုဒ်မ ၃၈၀ ဖြင့် အမှုဖွင့်အရေးယူထားသည်။

ဝမ်းတွင်းတွင် နှစ်လုံးထီ လောင်းကစားသူ ဖမ်းဆီး

ဝမ်းတွင်း ဧပြီ ၂၂

